ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊ (20-1-2005) (၄၄၈၄)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဟုမ္မလင်းမြို့နယ်ရော်ဘာစိုက်ပျိုးမှု တိုင်းမှူးဗိုလ်ချုပ်သာအေးကြည့်ရှု မြို့နယ်ဆေးရုံဆောက်လုပ်မှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ဟုမ္မလင်းမြို့ နယ်မြေခံတပ်ရင်းမှ ၁၉၉၅ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့သော ရော်ဘာရှစ်ဧက စိုက်ခင်းသို့ ရောက်ရှိရာ နယ်မြေခံတပ်ရင်းမှူးက မွန်ပြည်နယ်မှ ရော်ဘာလုပ်ငန်းကျွမ်းကျင်သူခေါ်ယူ၍ ရော်ဘာစမ်းသပ်စိုက်ပျိုးထုတ်လုပ်မှု၊ ရော်ဘာတိုးချဲ့စိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်နှင့် ဒေသတွင်း ပျိုးပင်နှင့် နည်းပညာဖြန့်ဖြူးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေး၍ ရော်ဘာထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဟုမ္မလင်းမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တည်ဆောက်ရေး ရှင်းလင်းဆောင်တွင် မြို့နယ်ဆေးရုံအုပ် ဒေါက်တာမျိုးမြင့်က ဆေးရုံအကျယ်အဝန်း၊ ရေရရှိရေးဆောင်ရွက်ထားမှုနှင့် အဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းများသတ်မှတ်ချိန်အမီ စံချိန်စံညွှန်းပြည့်မီစွာပြီးစီးရေး၊ ဆေးရုံသပ်ရပ် သာယာလှပရေးစနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။ယင်းနောက်တိုင်းမှူးသည် ဆေးရုံတည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကိုရီးယားသမ္မတနိုင်ငံမှ မှာယူရောက်ရှိလာသော ဟိုက်ဒရောလစ်စနစ်သုံး ကျောက်ရထားတွဲများ သင်္ဘောပေါ်မှ ချယူသည်ကို ကြည့်ရှုစစ်ဆေးစဉ်။

(ရထား)

ရန်ကုန်–မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ဟိုက်ဒရောလစ်စနစ်သုံး ကျောက်ရထားတွဲများနှင့် တွဲပစ္စည်းများရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်တိုင်း အလုံမြို့နယ်ရှိ Asia World ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည့် Ducky Shiny သင်္ဘောပေါ်မှ မြန်မာ့မီးရထား၏ ကျောက်ရထားတွဲ၁၀တွဲနှင့် ကျောက်ရထားတွဲ ၃၀အတွက် တွဲပစ္စည်းများချမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများက သင်္ဘောပေါ်မှ ကျောက်ရထားတွဲများနှင့် တွဲပစ္စည်းများချယူမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယခုရောက်ရှိလာသော ကျောက်ရထားတွဲ၁၀တွဲနှင့် ကျောက်ရထားတွဲ ၃၀ အတွက် တွဲပစ္စည်းများကို ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ထံမှ မှာယူတင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျောက်ရထားတွဲများကို ရန်ကုန်–ညောင်လေးပင်–မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်း၌ အသုံးပြု သွားမည်ဖြစ်သည်။သင်္ဘောပေါ်မှ ချယူသည့် ရထားတွဲ၄၀အနက် ကျောက်ရထားတွဲ၁၀တွဲမှာ အသင့်တပ်ဆင်ထားရှိပြီး ကျန်ကျောက်ရထားတွဲ၃၀ကို တွဲပစ္စည်းအလိုက်ထုပ်ပိုးသယ်ယူခဲ့ခြင်းဖြစ်သဖြင့် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၌ ပြန်လည်တပ်ဆင်ပြီး အသုံးပြုသွားမည်ဖြစ်သည်။

ယခုကျောက်ရထားတွဲများသည် ဟိုက်ဒရောလစ်စနစ်ဖြင့် လိုအပ်သည့်နေရာ၌ လိုအပ်သည့် အရေအတွက်အတိုင်း လမ်းအတွင်းသို့ လမ်းခင်းကျောက်များချထားပေးနိုင်သော အဆင့်မြင့်ကျောက်ရထားတွဲများဖြစ်သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror
ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

* *နိုင်ငံတော် အစိုးရက စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေး ဦးတည်ချက် တစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။*
  ခေါင်းကြီး (စာမျက်နှာ–၂)

* *တိုင်းရင်းဆေးတက္ကသိုလ်မှ မွေးထုတ်ပေးမည့် တိုင်းရင်းဆေးပညာဘွဲ့ရ တိုင်းရင်းဆေးဆရာတို့ အရည်အသွေးမှာ နိုင်ငံတကာအဆင့်မီ မြင့်မားနေမည်မှာ မလွဲကေန်ဖြစ်ပေသည်။”*
  ဒေါက်တာသိန်းဆွေ၏ “ဆောင်းပါး (စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

20-1)inter.P65 1 1/2/32, 16:49

ကြေးမုံ The Mirror
၂၀-၁-၂၀၀၅
(ကြာသပတေးနေ့)

စပါးနှင့်အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးရေး ကျေးလက်ပြည်သူများအား ကူညီပံ့ပိုးအားပေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေပြုသော နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံကျကျ မြှင့်တင်နိုင်မှသာ အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုကို ထိရောက်စွာထောက်ကူပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေးဦးတည်ချက်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။ ပင်ကိုအားဖြင့် ရေခံမြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသများတွင် ဆည်တမံ၊ ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းများ၊ သီးနှံစိုက် စွမ်းအားမြှင့်တင်ပေးနိုင်မည့် အစီအမံများ၊ ခေတ်မီစိုက်ပျိုးရေး အတတ်ပညာများဖြင့် အားပေးကူညီ တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီလ ၁၁ ရက်နှင့် ၁၂ ရက်နေ့များက ဧရာဝတီတိုင်းအတွင်းရှိ ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ ဟိုင်းကြီးကျွန်းနှင့် ငပုတောမြို့နယ်တို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ခရီးစဉ်အတွင်း ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိစဉ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ **ဧရာဝတီတိုင်းအနေဖြင့် လာမည့်နှစ်တွင် မိုးစပါး စိုက်ဧကတစ်သိန်းတိုး၍ ဧက ၃၆ သိန်း စိုက်ပျိုးနိုင်ရန် လျာထားရာ တာဝန်ရှိသူများအနေဖြင့် ကျေးရွာအောက်ခြေအထိ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် နှစ်ရှည်သီးနှံသုံးမျိုးအနက် ရော်ဘာကိုလည်း ဧက ငါးသောင်း စိုက်ပျိုးရန် လျာထားစီစဉ်လျက်ရှိကြောင်း၊ ရော်ဘာမှာ ဈေးကွက်ရှိပြီး ဈေးကောင်းရရှိ၍ ကျေးလက်နေပြည်သူများ စိုက်ပျိုးလာကြစေရန် တာဝန်ရှိသူများက စည်းရုံးပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း** မှာကြားခဲ့သည်။

ဧရာဝတီတိုင်းအတွင်း ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါးဧက ၃၅ သိန်းကျော် စိုက်ပျိုးခဲ့သည့်အနက် ဧက ၃၄ သိန်းကျော်တွင် စပါးများရိတ်သိမ်းပြီးကြောင်း သိရသည်။ ထို့အပြင် နွေစပါးဧက ၁၇ သိန်းကျော် စိုက်ပျိုးရန် လျာထားသည့်အနက် ယခုအချိန်ထိ နွေစပါးဧက ခြောက်သိန်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

အလားတူ ဧရာဝတီတိုင်းအတွင်း ဆောင်းသီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိရာ ပဲမျိုးစုံဧက ၁၄ သိန်းကျော်၊ ငရုတ်ဧက ခြောက်သောင်းကျော်၊ ဟင်းသီးဟင်းရွက်ဧက ရှစ်သောင်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ပြောင်း၊ ငရုတ်နှင့် ဟင်းသီးဟင်းရွက် အပါအဝင် ဆောင်းသီးနှံ စုစုပေါင်းဧကသိန်း ၂၀ စိုက်ပျိုးထားရှိပြီးဖြစ်သည်။

ဧရာဝတီတိုင်းသည် ရေမြေသဘာဝဖြစ်တည်နေမှု အနေအထားအရ စပါးအပြင် အခြားသီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးနိုင်သည့် အလားအလာကောင်းများတွေ့ရှိရသည်။ တောင်သူလယ်သမားများ အနေဖြင့် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံများ၊ နှစ်ရှည်သီးနှံများနှင့် အမယ်သစ်သီးနှံများအနက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ထို့အပြင် ကျေးလက်နေပြည်သူများ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများနှင့် နေလှန်းဆား ထုတ်လုပ်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနိုင်စေရန် ဌာနဆိုင်ရာနှင့် မြို့နယ်အဖွဲ့အစည်းများကပါ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်သည့် ရေ၊ မြေ သဘာဝအခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိသော ဒေသများတွင် စပါးနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူအသီးသီးတို့က ကျေးလက်ပြည်သူများအား ကူညီပံ့ပိုးဖြည့်ဆည်းအားပေးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ရန်ကုန်မြို့တော်အဆင့်မြင့်ရေး ဆောင်ရွက်မှုလုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ရန်ကုန်မြို့တော်အဆင့်မြင့်ရေး၊ လမ်းများကောင်းမွန်စေရေး၊ ယာဉ်သွားလာမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ကမ်းနားလမ်း ဆက်သွယ်သည့် နာနတ်တော ခုံးကျော်တံတားပေါ်၌ စက်ယန္တရားကြီးများဖြင့် အကျယ် ၄၈ ပေရှိ နိုင်လွန်ကတ္တရာလမ်းသားတင်ခင်းကျင်းနေမှု အခြေအနေကိုလည်းကောင်း၊ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းနှင့် အောက်မင်္ဂလာဒုံလမ်းဆုံ၌ လေးလမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှုကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ်တွင် ရွှေပြည်သာ စက်မှုမြို့အဝင် ဘုရင့်နောင်လမ်းမှ ရွှေပြည်သာတံတား ချဉ်းကပ်လမ်းအထိ ရွှေပြည်သာ တံတားလမ်းဝဲ၊ယာတစ်လျှောက်၌ လူသွားစင်္ကြံကျောက်ပြားများ၊ ကပ်တုံးများ ပြုလုပ်ခင်းကျင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် လမ်းနှင့်တံတား အထူးတည်ဆောက်ရေးအဖွဲ့ခေါင်းဆောင် အင်ဂျင်နီယာမှူးကြီး ဦးသောင်းညွန့် ဦးဆောင်၍ အမှတ်(၄)လမ်းမကြီးတစ်လျှောက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ကွန်ပျူတာတက္ကသိုလ် အဝင်လမ်းအထိ အမှတ်(၄) လမ်းမကြီးကို တစ်ဖက်တစ်ချက် ကိုးပေစီ ချဲ့ထွင်ပြီး လမ်းအကျယ်ပေ ၄၀၊ အရှည် ပေ ၁၄၃၀၀ ကို ကျောက်ချောကတ္တရာ ထပ်ပိုးခင်းကျင်း နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) အထူးတည်ဆောက်ရေးအဖွဲ့ ခေါင်းဆောင် အင်ဂျင်နီယာမှူးကြီး ဦးမြင့်တင် ဦးဆောင်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့်(တောင်ပိုင်း)မြို့နယ်ဆက်သွယ်မည့် မောင်းမကန် ကမ်းသာယာလမ်း ဖောက်လုပ်ရေးလုပ်ငန်း၊ ပင်လုံလမ်းမှ တိုးကြောင်ကလေး လမ်းအကြား ၄၈ ပေအကျယ်ရှိ ကျောက်ချောကတ္တရာလမ်း ခင်းကျင်းနိုင်ရန် ဂဝံခင်းမြေသားလမ်း ဆောင်ရွက်နေမှုနှင့် အကျယ် ၄၈ ပေ၊ အရှည်ပေ ၃၀ ကျော်ရှိ တိုးကြောင်ကလေး ချောင်းကူးတံတားတည်ဆောက်နေမှု လုပ်ငန်းအခြေအနေများ၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အမှတ်(၂) လမ်းမကြီးနှင့် ဧရာဝဏ်လမ်းမကြီး ဆက်သွယ်သည့် မောင်းမကန် ကမ်းသာယာလမ်းကို စက်ယန္တရားကြီးများဖြင့်အဆင့်မြှင့်တင်ခင်းကျင်းနေမှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်က လုပ်ငန်းများ သွက်လက်လျင်မြန်စွာ အရှိန်မြှင့်ဆောင်ရွက်ရေး၊ စနစ်တကျဖြင့် စေတနာထားကာသတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် လုပ်ဆောင်ရေး၊ အလေအလွင့်မရှိစေရေးနှင့်လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန် အထူးဂရုပြု ဆောင်ရွက်ရေး မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၉

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်(၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ အကြိမ်(၈၀)မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသော ယောဂီများ ဖုန်း- ၅၃၄၃၂၇ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

အထက(၆) ဗိုလ်တထောင်(ယခင် စိန့်ပေါလ်)ကျောင်း၏ သတ္တမအကြိမ်မြောက် ၁၉၆၅-၁၉၈၀ နှင့် ၁၉၈၀-၂၀၀၅ သက်ပြည့် အငြိမ်းစားယူသွားသော ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို မတ် ၂ ရက် နံနက် ၉ နာရီတွင် အထက(၆) ဗိုလ်တထောင် အောင်ဆန်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။

(က-ပ)

လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်တို့က ပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အခမ်းအနားကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ သံဃာတော်များပင့်ဆောင်ရေးနှင့် ဆွမ်းလောင်းလှူဆက်ကပ်ရေး၊ တရားပွဲတော်ကျင်းပရေးနှင့် ဝတ်ရွတ်ပူဇော်ပွဲကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ဆွမ်းတော်ကြီးကပ်လှူရေး၊ ညော်ခံကျွေးမွေးရေး၊ ထမနဲထိုးပြိုင်ပွဲကျင်းပရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးစသော ဆပ်ကော်မတီများမှ တာဝန်ရှိသူတို့က အသီးသီး ဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဗုဒ္ဓပူဇနိယပွဲတော်နှင့် စာအောင်သံဃာဂုဏ်ပြုပွဲ

ရန်ကုန် ဇန်နဝါရီ ၁၉

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းမရှိ သဒ္ဓမ္မပါလကျောင်းတိုက်တွင် ဇန်နဝါရီ ၂၁ ရက်မှ ၂၃ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ၂၄ရက်နံနက်တွင် လေးကျွန်းထိပ်တင်သိဒ္ဓိရှင်ဆုတောင်းပြည့် ကိုးနဝင်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်ဖြစ်ပြီး သာသနာ့ဓဇ ဓမ္မာစရိယ၊ ပရိယတ္တိ သဒ္ဓမ္မဟိတဓမ္မာစရိယ၊သဒ္ဓမ္မဝံသဓမ္မာစရိယနှင့် တိပိဋကဓရ ရွေးချယ်ပွဲတွင် ဥဘတောဝိဘင်္ဂဓရဘွဲ့ ရရှိတော်မူသော အရှင်ကုသလအား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၂၃ရက် ည ၈နာရီတွင်(သာသနာ့ဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ) ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၂၄ရက် ည ၈နာရီတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောဝိဒတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောပြောပြသမည်ဖြစ်ရာ တရားနာယူလိုသူများ ကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

ဝါရင့်လား ဝါထပ်လား

* ဝါရင့်ကလောင် ဆိုတာ
  ““ဝေါင်ရင့်ကလာ”” ပါ။
* ကြပ်ကလေး ငယ်စဉ်တုန်းက
  သုံးခဲ့တဲ့ ဂုဏ်စကားအမှာ။
* ခုအခါ
  ဝါရင့်နိုင်ငံရေးသမား ဆိုပါလား။
* လာညုမနေနဲ့
  ဘာတစ်ခုမှ လုပ်ခဲ့ကြတာလဲမဟုတ်ဘဲနဲ့
  အရှုပ်ထဲမှာ လူမုန်းခံမယ့်အစား
  ကိုယ့်အဖုံး ကိုယ်လုံအောင်ဖိပါလို့
  (အစ်ကိုတို့ရေ) ပြည့်အတွက်ခွန်အား။ ။

မျိုးသာခင်

မေ့ဆေးအထူးကု ဆရာဝန်များညီလာခံ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း မေ့ဆေးအထူးကုဆရာဝန်များအဖွဲ့၏ (၆)ကြိမ်မြောက်ညီလာခံကို ဖေဖော်ဝါရီ ၁၇ရက်နှင့် ၁၈ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် မေ့ဆေးပညာနှင့် အထူးကြပ်မတ်ကုသမှုဆိုင်ရာစာတမ်းများဖတ်ကြားဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အခြားစိတ်ဝင်စားဖွယ်ရာ ဘာသာရပ်ဆွေးနွေးခြင်းများ ပါဝင်မည်ဖြစ်ရာ မြန်မာပြည်အနှံ့မှ မေ့ဆေးဆရာဝန်များနှင့် အခြားစိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။

(သတင်းစဉ်)

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၄၉)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် (၁၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့က ရွှေတိဂုံဘုရား အရှေ့မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ (၇၅)နှစ်နှင့် အထက် သက်ကြီးပုဂ္ဂိုလ် ၅၃ဦးအားဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့ပြီး သဘာပတိက အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၀၅) ဖြင့် ချီးမြှင့်သည့် စီမံထူးချွန်တံဆိပ် (တတိယဆင့်)၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်)ရ ပုဂ္ဂိုလ်နှစ်ဦးနှင့် စာပေဗိမာန် သုတပဒေသာ ဒုတိယဆုရရှိသူတို့အား ဂုဏ်ပြုတံဆိပ်များ ပေးအပ်သည်။

ဆက်လက်၍ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူ ကိုးဦးအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး အမှုဆောင်သစ်များ ရွေးချယ်ကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၁၉)

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန် လုပ်ငန်း အချိုရည်စက်ရုံ (မန္တလေး)နှင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်မှု လေ့ကျင့်စဉ်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေး လက်တွေ့မီးငြိမ်းသတ်မှုလေ့ကျင့်

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး လုပ်ငန်းစီမံချက်အရ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း အချိုရည်စက်ရုံ (မန္တလေး)နှင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှုလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၂ရက်တွင် အဆိုပါစက်ရုံ၌ကျင်းပရာ ရှေးဦးစွာ စက်ရုံမှူး ဦးမြင့်အောင်က ဝန်ကြီးဌာန၏ မီးဘေးကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို ရှင်းလင်းမှာကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းက စက်ရုံ၏ မီးဘေးကြိုတင်ကာကွယ်ရေးကို အလေးထားဆောင်ရွက်ရေး၊ အရေးပေါ်ဖြစ်ပွားလာချိန်တွင်စက်ရုံတွင်း ဖွဲ့စည်းထားသော လုံခြုံရေးအဖွဲ့၊ မီးငြိမ်းသတ်ရေးအဖွဲ့၊ ပစ္စည်းသယ်ယူရွှေ့ပြောင်းရေးအဖွဲ့နှင့် ဆက်သွယ်ရေးအဖွဲ့တို့၏ ကိုယ်စီတာဝန်များ အဖွဲ့လိုက် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောသည်။

ပူးပေါင်းလေ့ကျင့်

ထို့နောက် စက်ရုံ၏ မီးငြိမ်းသတ်မှုတွင် မီးသတ်ယာဉ်နှစ်စီး၊ ဟွန်ဒါအပေါ့စားရေစုပ်စက်တစ်လုံး၊ စက်ရုံ၏ သီးသန့်မီးသတ်တပ်ဖွဲ့အင်အား ၂၀၊ ဝန်ထမ်း၈၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၂၀တို့ဖြင့် စက်ရုံ၏မီးငြိမ်းသတ်မှုကို ပူးပေါင်းလေ့ကျင့်ကြသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးမူဝါဒ ချမ်းသာသောနိုင်ငံများကိုသာ အကျိုးပြု

ဂျိုဟန်နစ္စဘတ် ဇန်နဝါရီ ၁၈

အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၌ ကျင့်သုံးနေကြသော မူဝါဒများသည် ချမ်းသာသောနိုင်ငံများအတွက်သာ အကျိုးဖြစ်ထွန်းစေပြီး ဆင်းရဲသောနိုင်ငံများနှင့် ချမ်းသာသောနိုင်ငံများ၏ ကွာခြားမှုမှာလည်း ဆိုးဆိုးရွားရွားမညီမမျှ ဖြစ်နေကြောင်း တောင်အာဖရိကနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးထရီဗော်မင်နျူရယ်က ဝေဖန်ပြောကြားသည်။

ဗြိတိသျှ၏ အာဖရိကကော်မရှင် အစည်းအဝေးကို မကြာမီကျင်းပသွားရန်ရှိသည်။ ထိုအစည်းအဝေးသည် အာဖရိကရှိ အဆင်းရဲဆုံးနိုင်ငံများ၏ ဆင်းရဲတွင်းမှ လွတ်မြောက်စေမည့် နည်းလမ်းများရှာဖွေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ အဆိုပါ အစည်းအဝေး မကျင်းပမီ ဗြိတိသျှဘဏ္ဍာရေးဝန်ကြီးဂေါ်ဒွန်ဘရောင်း တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိလာခိုက် ဝန်ကြီးမင်နျူရယ်၏ အထက်ပါ ဝေဖန်ချက်များကို ဆန်းဒေးတိုင်းသတင်းစာတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၏ မူလအခြေခံများသည် ဆင်းရဲသောနိုင်ငံများ၏ လိုအပ်ချက်နှင့် အကျိုးစီးပွားကို ထိခိုက်စေသည်မဟုတ်ပေ။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးတွင် လက်ခံကျင့်သုံးထားသော စည်းမျဉ်းစည်းကမ်းများကသာ ချမ်းသာသောနိုင်ငံများအတွက် အလေးသာစေသော အခြေအနေများ ဖြစ်ပေါ်စေခြင်းသာဖြစ်သည်ဟု မင်နျူရယ်က ၎င်း၏ ဝေဖန်ချက်ဆောင်းပါးတွင် ရေးသားခဲ့ခြင်း ဖြစ်သည်။

ကိတ်တောင်းမြို့တွင် ဗြိတိသျှကော်မရှင်၏ အာဖရိက အစည်းအဝေးသည် တနင်္လာနှင့် အင်္ဂါနေ့များတွင် ကျင်းပသွားရန်ရှိသည်။ ထိုအစည်းအဝေးတွင် ဆင်းရဲသော နိုင်ငံများ၏ ကုန်သွယ်ရေးကို မြှင့်တင်ပေးမည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးမည်ဟုဆိုသည်။ အဆိုပါ အစည်းအဝေးသို့ အာဖရိကဒေသ၏ အခြားသော ၁၈ နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများလည်း ပါဝင် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အာဖရိကတိုက်သည် ၁၉၈၀ပြည့်နှစ်များ ကာလကကမ္ဘာ့ကုန်သွယ်ရေးတွင် ခြောက်ရာခိုင်နှုန်း အချိုးအစားအထိ ပါဝင်ခဲ့သော်လည်း ယခုအခါ ထိုအချိုးအစားသည် နှစ်ရာခိုင်နှုန်း အချိုးအစားအထိ ကျဆင်းသွားပြီဖြစ်သည်။ အကယ်၍သာ အာဖရိကနိုင်ငံများသည် ကမ္ဘာ့ကုန်သွယ်ရေးတွင် ယင်းနိုင်ငံများပါဝင်သောအချိုးအစားကိုတစ်ရာခိုင်နှုန်း ပိုမိုမြှင့်တင်နိုင်လျှင် ဝင်ငွေအမေရိကန်ဒေါ်လာ ၇၀ဘီလီယံပိုမိုရရှိမည်ဖြစ်သည်။ ထိုငွေကြေးပမာဏသည် ကမ္ဘာ့နိုင်ငံများမှ ယခုအခါ အာဖရိကမှ ရရှိနေသော အထောက်အပံ့ပမာဏထက် ငါးဆမျှပင်ရှိကြောင်း မင်နျူရယ်က ထောက်ပြ ရေးသားထားသည်။

တင်ပြ

ဂျီ–၈နိုင်ငံများအုပ်စုနှင့် ရုရှားနိုင်ငံများသည် စကော့တလန်တွင် ထိပ်သီးအစည်းအဝေးကျင်းပရန်ရှိသည်။ ထိုထိပ်သီးအစည်းအဝေး မတိုင်မီ မတ်လလယ်လောက်တွင် အာဖရိကကော်မရှင်သည် အာဖရိကဖွံ့ဖြိုးရေး အစီအမံများကို အပြီးပြုစုကာ အစည်းအဝေးသို့ ဆက်လက်တင်ပြရန်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံတောင်ပိုင်းတစ်နေရာတွင် ဒဏ်ရာရရှိသွားသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးအား ရဟတ်ယာဉ်ပေါ်သို့ သယ်ဆောင်နေသည်ကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မီနီဘတ်စ်ယာဉ်ကို အမေရိကန်တင့်ကားတိုက်မိ၊ အီရတ်စိုက်ပျိုးရေးခြံလုပ်သားရှစ်ဦး သေဆုံး

မစ်ဒါဒီယာ(အီရတ်) ဇန်နဝါရီ ၁၇

စိုက်ပျိုးရေးခြံလုပ်သားများ တင်ဆောင်လာသည့် မီနီဘတ်စ်ယာဉ်တစ်စီးသည် အမေရိကန်တင့်ကားတစ်စီးနှင့် အီရတ်မြောက်ပိုင်းဒေသရှိ ကျေးရွာတစ်ရွာတွင် သောကြာနေ့က ခေါင်းချင်းဆိုင်တိုက်မိသဖြင့် အီရတ်လူမျိုးရှစ်ဦး သေဆုံးသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးရုံရင်ခွဲရုံမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ယင်းသို့ တိုက်ခိုက်မှုကြောင့် စိုက်ပျိုးရေး ခြံလုပ်သားငါးဦး ပွဲချင်းပြီး သေဆုံးခဲ့ပြီး အခြားသုံးဦးသည် ရရှိခဲ့သော ဒဏ်ရာဖြင့် နောက်ပိုင်းတွင် သေဆုံးခဲ့ကာ သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရင်ခွဲရုံမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမေရိကန်တင့်ကားက မီနီဘတ်စ်ယာဉ်အား ဝင်တိုက်ခဲ့ကြောင်း၊ တင့်ကားက လမ်းဘေးဗုံး ပေါက်ကွဲမှုရှောင်ရှားနိုင်ရန်အတွက် လမ်းလယ်မှ မောင်းလာခဲ့ကြောင်း၊ အတိုက်ခံရသည့် ဘတ်စ်ယာဉ်မှာ လုံးဝနီးပါးပျက်စီးခဲ့ကြောင်း အမည်မဖော်လိုသူ မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

အမေရိကန်လှည့်ကင်းယာဉ်သည် ၎င်းတို့၏ စစ်ဘက်ဆိုင်ရာ မစ်ရှင်လုပ်ငန်းကို သောကြာနေ့ နံနက်စောစောပိုင်းက ဆောင်ရွက်ပြီး မောင်းနှင်လာစဉ် မီနီဘတ်စ်ယာဉ်က အခြားကားတစ်စီးကို ကျော်တက်စဉ် တင့်ကားနှင့် ဝင်တိုက်မိကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

မီနီဘတ်စ်ယာဉ်က အီရတ်အရပ်သားများကို သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ မီနီဘတ်စ်ယာဉ် ဘယ်ဘက်ခြမ်းမှ တင့်ကား၏ ရှေ့ပိုင်းကို ထိပ်တိုက်အနေအထားဖြင့် တိုက်မိခြင်းဖြစ်ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘေဂျီမြို့ရှိ အီရတ်ရဲဌာနချုပ် ဗုံးဖောက်ခွဲခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

ပြောက်ကျားများက ဘေဂျီမြို့ရှိ ရဲဌာနချုပ်အား တနင်္လာနေ့က အသေခံဗုံး ဖောက်ခွဲမှုကြောင့် လူခုနစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး အီရတ်ရဲတပ်ဖွဲ့ဝင်ရှစ်ဦး စစ်ဆေးရေးဂိတ် တိုက်ခိုက်မှုအတွင်း ပစ်သတ်ခံရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မီးလောင်ထားသည့် အလောင်းများသည် ရဲဌာနချုပ်ခြံဝင်းအတွင်း ပြန့်ကျဲလျက်ရှိနေသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းဖောက်ခွဲမှုကြောင့် လူ ၁၅ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း အများစုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်သည်ဟု ဘေဂျီရဲတပ်ဖွဲ့ကပြောကြားသည်။

လက်နက်ကိုင်များက ဘာကူဘာမြို့ရှိ စစ်ဆေးရေးဂိတ်အား ပစ်ခတ်တိုက်ခိုက်ရာ တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးခဲ့ကြောင်း အမျိုးသားအစောင့်တပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်မှုခံနေရ

အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာစဉ် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များမှာ ပြောက်ကျားများ၏ တိုက်ခိုက်မှုကို စုပြုံခံနေသည်။ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များမှာလည်း ပြောက်ကျားများ၏ ပစ်မှတ်အဖြစ်ရောက်ရှိနေပြီး ခြိမ်းခြောက်ခံနေရကာ မဲရွေးပွဲကျင်းပမည့် အဆောက်အအုံများသည်လည်း ပြောက်ကျားများ၏ တိုက်ခိုက်မှုခံနေရသည့် နေရာများဖြစ်လျက်ရှိသည်။

ပြောကြား

မဲရွေးပွဲကျင်းပမည့် ကျောင်းသုံးကျောင်း ညဘက်တွင် စိန်ပြောင်းဖြင့် ပစ်ခတ်ခံရကြောင်း ဘာဆာရာရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းပစ်ခတ်မှုကြောင့် မည်သူမှထိခိုက်ဒဏ်ရာ မရရှိကြောင်း အဆိုပါ ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ကိစ္စတွင် ကုလသမဂ္ဂ တက်ကြွစွာပါဝင်သင့်ကြောင်း ဆီးရီးယားပြောကြား

ဒမတ်စကတ် ဇန်နဝါရီ ၁၇

ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံတွင်တက်ကြွသည့် အခန်းကဏ္ဍမှတာဝန်ယူရန် လိုအပ်ကြောင်းဖြင့် ဆီးရီးယားက တနင်္ဂနွေနေ့က အခိုင်အမာပြောကြားလိုက်ကြောင်းဖြင့် အစိုးရသတင်းဌာနဖြစ်သည့် ဆာနာကဖော်ပြသည်။

ကုလသမဂ္ဂအနေဖြင့်အီရတ်ပြည်သူလူထု၏ လွတ်လပ်ရေး၊ လွတ်မြောက်ရေးနှင့် ၎င်းတို့၏အရေးကိစ္စများအား ၎င်းတို့ကိုယ်တိုင်စီမံကွပ်ကဲနိုင်ရေး မျှော်မှန်းချက်များကို ကူညီဖြည့်ဆည်းပေးသင့်ကြောင်း ဆီးရီးယားနိုင်ငံခြားရေး ဖာရောက်အယ်လ်ရှာရာက အီရန်သို့ အလည်အပတ်ရောက်ရှိနေသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူး ကိုယ်စားလှယ် အက်ရှ်ရက်ဖ်ကာဇီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပြောကြားသည်။

ဇန်နဝါရီလကုန်ပိုင်းတွင် ကျင်းပရန် စီစဉ်ထားသည့် ရွေးကောက်ပွဲများတွင် အီရတ်ပြည်သူလူထုအပြည့်အဝဖြင့် ပါဝင်ပြီးကျင်းပနိုင်မည်ဟု မျှော်လင့်ထားသည်ဟု ရှာရာက ထုတ်ဖော်ပြောကြားသည်။

ဆီးရီးယားက အဆိုပါ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ကြိုးပမ်းနေကြောင်း ရွေးကောက်ပွဲတွင် ကုလသမဂ္ဂနှင့် ပတ်သက်သည့် အခန်းကဏ္ဍအပေါ် အပြုသဘော ရပ်တည်ချက်ကိုလည်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ယူဖရေးတီးမြစ်အရှေ့ဘက်ကမ်းတွင် တစ်အိမ်တက်ဆင်းဝင်ရောက်ရှာဖွေနေကြသော ဗြိတိသျှ တပ်ဖွဲ့ဝင်နှစ်ဦးကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်အကျဉ်းသားများအားနှိပ်စက်မှု တာဝန်ရှိ အကြီးအကဲများကို ရုံးတင်စစ်ဆေးသင့်ဟုဆို

ဝါရှင်တန် ဇန်နဝါရီ ၁၇

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုနှင့် ပတ်သက်သည့် အရှုပ်တော်ပုံတွင် မိမိသား၏ အကြီးအကဲများကိုသာ စစ်ခုံရုံးတင်စစ်ဆေးသင့်ကြောင်း ယင်းညှဉ်းပန်းမှုအတွက် ပြစ်ဒဏ် ၁၀ နှစ်ချမှတ်ခံရသူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၏မိခင်ဖြစ်သူက စနေနေ့တွင် ပြောကြားလိုက်သည်။

ကြည်းတပ်မှ ချားလ်စ်ဂရေနာသည် အချို့သောကိစ္စဆောင်ရွက်ရန် ခိုင်းစေမှုအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်ကြောင်း ဂရေနာ၏မိခင် အာမာဂရေနာက သတင်းထောက်များအား ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အဆင့်မြင့်အကြီးအကဲများကိုသာ စစ်ခုံရုံးတင် စစ်ဆေးသင့်ကြောင်း ၎င်းတို့အတွက် လက်အောက်ငယ်သား ဒုက္ခရောက်ရကြောင်း တက္ကဆက်ပြည်နယ်ရှိ ဖို့တ်ဟုဒ်ကြည်းတပ်အခြေစိုက် စခန်းတရားရုံး အပြင်ဘက်တွင်ပြောကြားသည်။

ချားလ်ဂရေနာအား ဘဂ္ဂဒက်အနီးရှိ အဘူဂါရစ်အကျဉ်းထောင်ရှိ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဖြင့် စစ်ဆေးခဲ့ပြီးနောက် အမေရိကန်စစ်ခုံရုံးက ၎င်းအား ထောင်ဒဏ် ၁၀နှစ် စနေနေ့က စီရင်ချက်ချခဲ့ပြီး ကြည်းတပ်မှ နာမည်ပျက်ဖြင့် ထုတ်ပစ်ခဲ့သည်။

ဂရေနာသည် ပူးပေါင်းလုပ်ကြံမှု၊ တာဝန်ပေါ့လျော့မှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ ကိုယ်ထိလက် ရောက်တိုက်ခိုက်မှုနှင့် သိက္ခာမဲ့လုပ်ရပ်များ ကျူးလွန်ခဲ့မှုတို့ဖြင့် စွပ်စွဲခံရပြီး စစ်ခုံရုံးတွင် စစ်ဆေးရာတွင် အပြစ်ရှိကြောင်းတွေ့ရှိခဲ့သည်။

သို့ရာတွင် ဂရေနာ၏ အရပ်သားရှေ့နေများက ဂရေနာသည် ကြားမှခံရသော ဓားစာခံတစ်ဦးသာဖြစ်ပြီး ဂရေနာအားအမိန့်ပေးခဲ့သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုသာ တရားခွင်တင်၍ စစ်ဆေးသင့်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒါကာတွင်ကျင်းပမည့် ဆာအတ်ထိပ်သီးဆွေးနွေးပွဲအတွက် ဘင်္ဂလားဒေ့ရှ်ပြင်ဆင်

ဒါကာ ဇန်နဝါရီ ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လာမည့်လတွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (ဆာအတ်) ထိပ်သီးဆွေးနွေးပွဲအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြင့်တင်လျက်ရှိသည်။ မြို့တော် ဒါကာတွင် ကျင်းပမည့် အဆိုပါ ထိပ်သီးဆွေးနွေးပွဲအတွက် လုံခြုံရေးအစီအမံများကို အကြီးအကျယ်ချမှတ်ဆောင်ရွက်နေ ကြောင်း၊ ထိပ်သီးဆွေးနွေးပွဲ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို အသုံးပြုမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်နှင့် ထိပ်သီးဆွေးနွေးပွဲဖြစ်မြောက်ရေး ညှိနှိုင်းရေးမှူးချုပ် ရီယက်ရာမန်က ပြောကြားသည်။

တင်ပြထား

နှစ်ရက်ကြာကျင်းပမည့် ဆာအတ် ထိပ်သီးဆွေးနွေးပွဲအစီအစဉ် အသေး စိတ်နှင့်ပတ်သက်၍ သိရှိရန်အချက် များကို ဆာအတ်အဖွဲ့ဝင် နိုင်ငံများမှ သံတမန်များအား မိမိတင်ပြထား ကြောင်း ရာမန်က ပြောကြားသည်။

ဆာအတ် ထိပ်သီးဆွေးနွေးပွဲကို ကနဦးတွင် သုံးရက်တိုင်တိုင် ကျင်းပ ရန် စီစဉ်ခဲ့သော်လည်း အစီအစဉ်သစ် အရ ယင်းဆွေးနွေးပွဲကို နှစ်ရက် တိုင်တိုင် ကျင်းပမည် ဖြစ်ကြောင်း၊ ဆွေးနွေးပွဲကာလကို တစ်ရက်လျှော့ချ လိုက်ခြင်းကြောင့် ရရှိသည့်ကာလတွင် အရေးကြီးသော အကြောင်းရပ်များ အားလုံး ဆွေးနွေးနိုင်အောင် မိမိတို့ စီစဉ်ထားကြောင်း ရာမန်ကသတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။ ယင်းသတင်းစာ ရှင်းလင်းပွဲသို့ မော်လ်ဒိုက်နိုင်ငံမှ သံတမန်များမှအပ ဆာအတ်အဖွဲ့ဝင် နိုင်ငံများအားလုံးမှ သံတမန်များ တက်ရောက်ကြသည်။ မော်လ်ဒိုက်နိုင်ငံသည် မြို့တော်ဒါကာ၌ သံရုံးဖွင့်လှစ်ထားခြင်းမရှိပေ။

ရောက်ရှိ

ဆာအတ် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များသည် ဖေဖော်ဝါရီ ၆ ရက်မှ ၇ ရက်အထိ ကျင်းပမည့် ဆာအတ် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖေဖော်ဝါရီ ၅ ရက်မှ စ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိ လာမည်ဖြစ်သည်။

အမ်အင်အေ၊ အေပီ။

တရုတ်ရေနံကုမ္ပဏီများက နိုင်ငံ အရှေ့မြောက်ပိုင်း ဒါကွန်းရေနံမြေ ကုန်းတွင်း အခြေစိုက်စခန်းရှိ ရေနံတွင်းတစ်ခု၏ လုပ်ငန်းခွင်ကို ဇန်နဝါရီ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပင်လယ်ကွေ့ဒေသရေနံဓာတုလုပ်ငန်းရင်းနှီးမြှုပ်နှံမှု ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်လာ ၄၀ ဘီလီယံတိုးတက်လာမည်

ကူဝိတ် ဇန်နဝါရီ ၁၈

ပင်လယ်ကွေ့ဒေသတွင် ရေနံဓာတု ဗေဒလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု သည် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန် ဒေါ်လာ ၄၀ဘီလီယံ တိုးတက်လာမည် ဖြစ်ကြောင်း မျှော်မှန်းထားသည်ဟု ကူနာသတင်းအဖွဲ့က ဇန်နဝါရီ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပင်လယ်ကွေ့ဒေသတွင် ရင်းနှီး မြှုပ်နှံမှုကဏ္ဍလျင်မြန်စွာ တိုးတက်လာ ရခြင်းသည် အာရှဈေးကွက်မှ ပါဝင် လာမှုကြောင့်ဖြစ်ကြောင်း ကူဝိတ်စက်မှု လုပ်ငန်းအဖွဲ့ ပြောကြားချက်ကို သတင်းဌာနက ကိုးကားဖော်ပြလိုက် သည်။

အရှေ့အလယ်ပိုင်းဒေသတွင်ပေါ်လီ အက်သလင်းခေါ် ပလတ်စတစ်တစ်မျိုး ထုတ်လုပ်မှုကို ၂၀၁၀ ပြည့်နှစ်တွင် တန်ချိန် ၁၈ သန်း ရရှိမည် ဖြစ်သည်။ ထိုပမာဏသည် ကမ္ဘာ့ဈေးကွက်တွင် ပေါ်လီအက်သလင်း ထုတ်လုပ်မှု စုစု ပေါင်း၏ ၁၅ ရာခိုင်နှုန်းသာ ရှိကြောင်း စက်မှုလေ့လာရေးအဖွဲ့များ၏ အစီရင် ခံစာများအရ သိရှိရသည်။

ကူဝိတ်ကုမ္ပဏီများသည် လုပ်ငန်း များတိုးတက်ရေးအတွက် ဖြစ်ပေါ်လာ သောအခွင့်အလမ်းများကို အသုံးချသင့် သည်ဟု သတင်းဌာနကဆိုသည်။ ခေတ်မီနည်းပညာများ၏ အကျိုးကို ရရှိနိုင်ရန် အပြည်ပြည်ဆိုင်ရာ ကော်ပို ရေးရှင်းများနှင့်ပူးပေါင်းကာ ဖက်စပ် လုပ်ငန်းများ ထူထောင်ဆောင်ရွက် ရမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။

အလေးအနက်ထား

ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက် ရေးကောင်စီအဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုး ပြီးနိုင်ငံများအနေဖြင့် ပင်လယ်ကွေ့ ဈေးကွက်များကို လိုအပ်သလို တိုးမြှင့် အားပေးဆောင်ရွက်ခြင်း၊ လုပ်ငန်းများ ကျွမ်းကျင်မှုဖလှယ်ခြင်း၊ သုတေသန ပြုခြင်းနှင့် လေ့လာသင်ယူမှုများတွင် လည်း အလေးအနက်ထား လုပ်ဆောင် ကြရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင် ခြင်းဖြင့် ရေနံဓာတုဗေဒလုပ်ငန်း တိုးတက်လာမည် ဖြစ်သည်ဟု ဆိုသည်။

အဓိကအရေးပါ

ရေနံဓာတုဗေဒ လုပ်ငန်းတိုးတက် လာစေရန် ကမ္ဘာ့ဈေးကွက်လေ့လာ ရေးသည် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ ထို့အပြင် အသေးစားနှင့် အလတ်စားလုပ်ငန်း များတွင် ထုတ်ကုန်များ၏ အရည် အသွေးပိုမိုတိုးမြှင့်လာစေရန်အတွက် လည်း ဂရုပြုရန်လိုအပ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပင်လယ်ဆားငန်ရေအန္တရာယ်မှ ကာကွယ်ရန် တရုတ်နိုင်ငံ၌ အစီအမံများ ချမှတ်ဆောင်ရွက်

ကွမ်ကျိုး ဇန်နဝါရီ ၁၈

တရုတ်နိုင်ငံတောင်ပိုင်းတွင် ပုလဲမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသ၌ ရေချိုဖြန့်ဖြူးမှုကို ထိခိုက်စေနိုင်သည့် ပင်လယ် ဆားငန်ရေပါရှိသော ပင်လယ်ဒီလှိုင်းဝင်ရောက်မှု ဘေးအန္တရာယ်မှ ကာကွယ်နိုင်စေရန် ရေလမ်းကြောင်းခွဲဖြာစေသည့် အရေးပေါ်အစီအမံများကို တနင်္လာနေ့က စတင်ဆောင်ရွက်လျက်ရှိသည်။

ပုလဲမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော ကျီယန်းမြစ်၏ မြစ်ကမ်းနဖူးပေါ်ရှိ ကွမ်ကျိုးပြည်နယ်တွင် တည်ရှိသော တန်ရှန်ကျောက် ရေလှောင်တမံမှရေကို မြစ်ကြောဘက်သို့ ခွဲဖြာထုတ်သည့်လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ရေကိုခွဲဖြာ စေသော အစီအစဉ်များအနက် အကြီးကျယ်ဆုံးဖြစ်သည့် ယင်းအစီအစဉ်အရ ရေလှောင်တမံအတွင်းရှိ ရေကိုခွဲဖြာ စေရာတွင် တစ်စက္ကန့်လျှင် ကုဗမီတာ ၅၆၀ နှုန်းဖြင့် ရေစီးဆင်းမှုရှိခဲ့သည်။ တရုတ်နိုင်ငံအနောက်တောင်ပိုင်းဒေသမှ နိုင်ငံတောင်ပိုင်းဒေသအထိ ကီလိုမီတာ ၁၃၀၀မျှ တစ်နံတစ်လျားရှိနေသော မြစ်ဝန်းဒေသတွင် ရေခွဲဖြာသော အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပုလဲမြစ်ရေအရင်းအမြစ်များ ကော်မတီ၏ ဒုတိယညွှန်ကြားရေးမှူး ဝန်ကျူရှန်းက ပြောကြားသည်။

ခွဲဖြာမှုပြုလုပ်

ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ယန်တန်ရေလှောင်တမံ တွင်လည်း ရေခွဲဖြာစေသော အစီအစဉ် တစ်ရပ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီယန်းမြစ်ကမ်းနဖူးပေါ်ရှိ အဆိုပါ ရေလှောင်တမံမှရေကို ဇန်နဝါရီ ၂၄ ရက်မှ ၃၁ ရက်အထိ ခွဲဖြာစေမည်ဖြစ်ကြောင်း၊ တစ်စက္ကန့်လျှင် ကုဗမီတာ ၁၉၃၀ အမြန်နှုန်းဖြင့် ရေကို ခွဲဖြာမှုပြုလုပ်မည်ဖြစ်ကြောင်း၊ ပုလဲမြစ်၏ အခြားသော မြစ်လက်တက်တစ်ခုဖြစ်သည့် ပေကျီယန်မြစ်၏ မြစ်ညာဒေသ၌ တည်ရှိသော ပီလေကျီယာရေလှောင်တမံမှရေကိုလည်း တစ်စက္ကန့်လျှင် ကုဗမီတာ ၂၅၀ အမြန်နှုန်းဖြင့် ဇန်နဝါရီ၂၈ ရက်မှ ဖေဖော်ဝါရီ၃ ရက်အထိ ခွဲဖြာစေမည်ဖြစ်ကြောင်း ဝန်ကပြောကြားသည်။

ကာကွယ်နိုင်

ပုလဲမြစ်၏ ပင်မရေစီးကြောင်းပေါ်တွင် လျင်မြန်သောနှုန်းဖြင့် ရေခွဲဖြာ စေခြင်းဖြင့် ဆားငန်ရေပါဝင်သော ဒီရေသည် မြစ်ညာပိုင်းသို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နီပေါစီးပွားရေး ၄ဒသမ ၅ရာခိုင်နှုန်း တိုးတက်

ခတ္တမန္ဒူ ဇန်နဝါရီ ၁၇

နီပေါနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် စိုက်ပျိုးရေးကဏ္ဍနှင့် စိုက်ပျိုးရေး မဟုတ်သောကဏ္ဍတို့တွင် တိုးတက်လာမှုကြောင့် ယခုဘဏ္ဍာရေး နှစ်တွင် ၄ဒသမ၅ ရာခိုင်နှုန်းသို့ရောက်ရှိလာမည်ဖြစ်ကြောင်း နီပေါဘဏ္ဍာရေး ဝန်ကြီးဌာနက စနေနေ့တွင်ကြေညာသည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်၏ ပထမနှစ်ဝက်ကာလတွင် စပါးထွက်ရှိမှု ၃ဒသမ ၇ရာခိုင်နှုန်း လျော့နည်း သွားသဖြင့် တိုင်းပြည်၏ ဂျီဒီပီမှာ ၄ ဒသမ ၁ရာခိုင်နှုန်းမျှသာ ရှိမည်ဟု ခန့်မှန်းထားသည်။

ယခုသုံးသပ်သည့်ကာလအတွင်းစိုက်ပျိုးရေးကဏ္ဍတိုးတက်မှုမှာ ၃ဒသမ ၂ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေးမဟုတ်သောကဏ္ဍတိုးတက်မှုမှာ ၄ဒသမ ၆ရာခိုင် နှုန်း မျှော်မှန်းထားကြောင်းဝန်ကြီးဌာနက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။ နိုင်ငံခြားကုန်သွယ်မှုနှင့်ပတ်သက်၍ သွင်းကုန်စုစုပေါင်းမှာ ၃ဒသမ၅ ရာခိုင်နှုန်း လျော့နည်းပြီး ပို့ကုန်မှာ ၁၅ဒသမ၁ရာခိုင်နှုန်း တိုးတက်လာသည်ဟု သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အသက် (၆၇) နှစ်ရှိ အမျိုးသမီးကြီးဗိုက်ခွဲပြီးကလေးမွေး

ဘူခါရက် ဇန်နဝါရီ ၁၇

အသက် ၆၇ နှစ်အရွယ်ရှိ ရိုမေး နီးယားအမျိုးသမီးတစ်ဦးသည်တနင်္ဂနွေ နေ့ကမိန်းကလေးတစ်ဦးမွေးဖွားကြောင်း ဘူခါရက်မြို့ရှိ ဂူလက်စတီသားဖွား ဆေးရုံက ကြေညာသည်။ ၎င်းသည် ကမ္ဘာပေါ်ရှိ ကလေးမွေးသည့် အမျိုး သမီးများအနက် အသက်အကြီးဆုံး စံချိန်ကို တင်လိုက်သည်။

အဒရီနာ အီလက်စကျူသည် တနင်္ဂနွေနေ့ စောစောပိုင်းက ဗိုက်ခွဲပြီး မိန်းကလေးတစ်ဦး မွေးဖွားကြောင်း၊ အမြွှာမွေးချင်း မိန်းကလေးနှစ်ဦး အနက် တစ်ဦးမှာ သေဆုံးသွားကြောင်း ဆရာဝန်များက ပြောကြားသည်။ အသက်ရှင်ကျန်ရစ်သူ မိန်းကလေးမှာ အလီဇာမာရီယာဖြစ်သည်။ ၎င်းသည် ကိုယ်အလေးချိန် ၁ ဒသမ ၄ ကီလို ရှိပြီး ကျန်းမာစွာရှိကြောင်း သိရသည်။

အီလက်စကျူမှာတက္ကသိုလ်ပါမောက္ခ တစ်ဦးဖြစ်သည်။ အမြွှာကလေးနှစ်ဦး အနက်တစ်ဦးမှာ လွန်ခဲ့သည့် ရက် သတ္တလေးပတ်က ဖွံ့ဖြိုးမှုနှေးကွေး နေကြောင်းတွေ့ရှိရပြီး တနင်္ဂနွေနေ့က နှလုံးအခုန်ရပ်သွားသည်။ ကျန်ကလေး ငယ်အသက်ရှင်နိုင်ရေးအတွက် ဗိုက်ခွဲ မွေးရန် ဆရာဝန်များက ဆုံးဖြတ်လိုက် ခြင်းဖြစ်သည်။ မိခင်ရောကလေးပါ ဆေးရုံတွင် အထူးကြပ်မတ်ကုသမှုခံယူ လျက်ရှိပြီး ရက်သတ္တတစ်ပတ်အတွင်း ဆေးရုံမှ ဆင်းနိုင်မည်ဖြစ်ကြောင်း ဆရာဝန်များက ပြောကြားသည်။

ယခင်ကအသက်အကြီးဆုံး စံချိန် တင်ထားသူမှာ အသက် ၆၂ နှစ်အရွယ် တွင် သားယောကျ်ားလေးမွေးသော အီတလီအမျိုးသမီးတစ်ဦးဖြစ်သည်ဟု သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တိုကျိုမြို့လယ်ရှိ ကုန်တိုက်တစ်ခု တွင် ဈေးဝယ်သူများနှင့် စည်ကား နေသည်ကို ဇန်နဝါရီ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့တိုင်းရင်းဆေးပညာ တက္ကသီလာ

ဒေါက်တာသိန်းဆွေ

ကမ္ဗည်း မော်ကွန်း ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မန္တလေးမြို့ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

မြန်မာ့တိုင်းရင်းဆေးပညာသည် နှစ်ပေါင်းထောင်ချီကတည်းက ဖြစ်တည်ထွန်းကားလာခဲ့သည်။ မြန်မာ့ရိုးရာအမွေအနှစ် ပညာရပ်စစ်စစ်လည်းဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် သိမ်မွေ့နက်ရှိုင်းကျယ်ဝန်းပြီး ထိရောက်အစွမ်းထက်မြက်သည့် ပညာရပ်တစ်ရပ်လည်းဖြစ်သည်။ ဤသို့ကောင်းမြတ်သည့် ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံသည့် မြန်မာ့တိုင်းရင်းဆေးပညာသည် နိုင်ငံ့ခေါင်းဆောင်များက အားပေးချီးမြှောက်သည့် အချိန်အခါတွင် တိုးတက်ထွန်းကားပြီး အားပေးချီးမြှောက်မှုမရှိသည့် အချိန်ကာလများ၌ တိုးတက်မှုမရှိသည်ကို ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် သမိုင်းစဉ်တစ်လျှောက် ပြန်လည်လေ့လာကြည့်ပါက မြန်မာ့တိုင်းရင်းဆေးပညာသည် တိုးတက်ထွန်းကားသင့်သလောက် တိုးတက်မှုမရှိသည်ကို အခိုင်အမာတွေ့ရှိရမည် ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ် အချိန်အခါမှုကား မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါဖြစ်သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ တာဝန်ကိုယူပြီးသည့်နောက်ပိုင်း တိုင်းရင်းဆေးပညာအဆင့်မြင့်မားရေးအတွက် မြို့နယ်နှင့် ခရိုင်အဆင့် တိုင်းရင်းဆေး ကုသဌာန ၂၃၇ ဌာန၊ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၂ ရုံ၊ ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံ နှစ်ရုံတို့ကို ဖွင့်လှစ်ပေးခဲ့ပါသည်။ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ရလဒ်ကောင်းများ စတင်တွေ့ရှိပြီး လက်တွေ့နယ်ပယ်မှာ ပြန်လည်အသုံးချနေပြီဖြစ်သည်။

တိုင်းရင်းဆေးပညာ အရည်အသွေးမြင့်မားလာစေရေးအတွက် အဓိကဆောင်ရွက်ချက်တစ်ရပ်မှာ ယခင်က ဒီပလိုမာ အဆင့်သာပေးအပ်နိုင်သော တိုင်းရင်းဆေးသိပ္ပံကျောင်း တစ်ကျောင်းကိုသာ မန္တလေးမြို့၌ ဖွင့်လှစ်နိုင်ခဲ့ရာမှ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဘွဲ့ဒီဂရီအဆင့် အပ်နှင်းချီးမြှင့်နိုင်သည့် တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုကို မန္တလေးမြို့၌ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးသမိုင်းတွင် အောင်မြင်မှု မှတ်တိုင်ကမ္ဗည်းမော်ကွန်း ရေးထိုးနိုင်ခဲ့သည်။

တိုင်းရင်းဆေးပညာသင်ကြားရေးနှင့် ပတ်သက်၍ ယခင်က မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများက အဆင့်ဆင့်လက်ဆင့်ကမ်း အမွေပေးခဲ့ရာမှ နောက်ပိုင်းတွင် မြန်မာသမားတော်ကြီးများက မိမိတို့တတ်နိုင်သည့် အင်အားဖြင့် အသင်းအဖွဲ့များဖွဲ့စည်းပြီး ပညာဖြန့်ဝေခြင်းများရှိခဲ့သည်။ ၎င်းနောက် ၁၉၇၆ ခုနှစ်တွင် ဒီပလိုမာအဆင့် တိုင်းရင်းဆေးသိပ္ပံကျောင်းကို မန္တလေးမြို့မှ စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ တိုင်းရင်းဆေးပညာ သင်ကြားရေး အခြေအနေမှာ ယင်းကဲ့သို့ ရှိခဲ့ရာမှ နိုင်ငံတော်အကြီးအကဲက ဘွဲ့ဒီဂရီအဆင့်ပေးနိုင်သော တိုင်းရင်းဆေးတက္ကသိုလ်တစ်ခု တည်ထောင်ရန်လမ်းညွှန်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးဝန်ကြီး ဌာနက နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခု၏ အရည်အချင်းများနှင့် ပြည့်စုံသော တိုင်းရင်းဆေးတက္ကသိုလ် ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ယင်းသို့ ကြိုးပမ်းရာတွင် အဆင့်မီသော တိုင်းရင်းဆေးတက္ကသိုလ် သင်ရိုးညွှန်းတမ်းကို ကျွမ်းကျင်သူပညာရှင်များနှင့် တိုင်းရင်းဆေးသမားတော်ကြီးများက ဆွေးနွေးပွဲများ အဆင့်ဆင့်ပြုလုပ်၍ ရေးဆွဲနိုင်ခဲ့ခြင်း၊ သင်ကြားမည့် ဆရာများ အရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများ စေလွှတ်ခြင်းတို့သည် အဓိကကျသော ကဏ္ဍမှ ပါဝင်ခဲ့သည်။

တိုင်းရင်းဆေးတက္ကသိုလ်ကို သိပ္ပံဘာသာတွဲဖြင့် အခြေခံပညာ အထက်တန်းအောင် ကျောင်းသားများ တက်ရောက်နိုင်ပြီး ပညာသင်ကာလမှာ စာတွေ့လက်တွေ့ (၄) နှစ်၊ အလုပ်သင် (၁)နှစ် စုစုပေါင်း (၅)နှစ်ဖြစ်သည်။ ချီးမြှင့်အပ်နှင်းမည့်ဘွဲ့မှာ မြန်မာ့တိုင်းရင်းဆေးပညာသိပ္ပံဘွဲ့ B.M.T.M (Bachelor of Myanmar Traditional Medicine) ဖြစ်သည်။ သင်ကြားပေးမည့် ဘာသာရပ်များမှာ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တ နယ၊ ဝိဇ္ဇာဓရနယ ဟူသော နယကြီးလေးပါးကို အခြေခံသော မြန်မာ့တိုင်းရင်းဆေးပညာ ဘာသာရပ်ခြောက်ဘာသာ၊ ခန္ဓာဗေဒ၊ အဏုဇီဝဗေဒ၊ ဇီဝကမ္မဗေဒနှင့် ဆေးဝါးဗေဒစသည့် အနောက်တိုင်း ဆေးပညာဘာသာရပ် ငါးဘာသာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သက္ကတ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တ ဗေဒ၊ ရုက္ခဗေဒ၊ စိတ္တဗေဒ ဟူသည့် အခြေခံ ဝိဇ္ဇာနှင့်သိပ္ပံဘာသာ ရှစ်ဘာသာတို့အပြင် တရုတ် အပ်စိုက်ဘာသာရပ်များကိုပါ ထည့်သွင်း သင်ကြားပေးမည်ဖြစ်ပါသည်။



မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်၌ တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။

သင်ကြားပေးမည့် ဆရာများမှာလည်း မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးများအပြင် အနောက်တိုင်းဆေးပညာဘွဲ့ရ ဆရာဝန်ကြီးများ ကိုယ်တိုင်သင်ကြားပို့ချ ကြမည်ဖြစ်သည်။ ထို့အပြင် သင်ထောက်ကူပစ္စည်းများဖြစ်သည့် စာကြည့်တိုက်၊ ပြတိုက်၊ Language Lab တို့အပြင် ခုတင် (၅၀)ဆံ့ သင်ကြားရေးဆေးရုံကြီး စသည်ဖြင့် တက္ကသိုလ်တစ်ခု၏ ဂုဏ်အင်္ဂါနှင့်အညီ ဖြည့်တင်းထားရှိပြီးဖြစ်သည်။ သို့ဖြစ်၍ တိုင်းရင်းဆေးတက္ကသိုလ်မှ မွေးထုတ်ပေးမည့် တိုင်းရင်းဆေးပညာဘွဲ့ရ တိုင်းရင်းဆေးဆရာတို့အရည်အသွေးမှာ နိုင်ငံတကာအဆင့်မီ မြင့်မားနေမည်မှာ မလွဲဧကန်ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ ဘွဲ့ဒီဂရီအဆင့် ချီးမြှင့်နိုင်သော တက္ကသိုလ်တစ်ခုကို အောင်မြင်စွာ တည်ထောင်ဖွင့်လှစ်နိုင်သည်နှင့်အညီ ယင်းတက္ကသိုလ်နှင့် လိုက်ဖက်ညီညွတ်သော ခံ့ညားထည်ဝါသည့် တက္ကသိုလ်အဆောက်အအုံကို နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ ကုန်ကျခံ၍ မန္တလေးမြို့၌ တည်ဆောက်ပေးခဲ့ရာ ၂၆-၁၂-၂၀၀၄ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံဖွင့်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

ယင်းဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ အမှာစကားမှာ တိုင်းရင်းဆေးပညာသင်ကြားရေးကဏ္ဍတွင် အဆင့်မြင့်မားစေရန်အတွက် လေးစားမှတ်သား လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များပင်ဖြစ်သည်။ ယင်းတို့အနက် အချက်တစ်ချက်မှာ **"နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်ချက်များအဖြစ် အလေးအနက်ခံယူပြီး မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ ကြွယ်ဝလှသော ပင်ကိုအနှစ်သာရများကို စနစ်တကျ ဖော်ထုတ်စုစည်းကာ ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်၍ ခေတ်မီ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကြီးတစ်ခုအဖြစ် မြှင့်တင်ပေးနိုင်ရေးနှင့် တိုင်းရင်းဆေးတက္ကသိုလ်ကို ဂုဏ်သိက္ခာရှိသော၊ အဆင့်အတန်းရှိသော တက္ကသိုလ်ကြီးဖြစ်ရေး၊ နိုင်ငံတော်က အားထားရသော တက္ကသိုလ်ကြီးဖြစ်ရေး၊ နိုင်ငံတကာက လေးစားရသော တက္ကသိုလ်ကြီးဖြစ်ရေးတို့ကို ဆက်လက်အလေးထားဆောင်ရွက်ကြရန်"** ဟူ၍ဖြစ်သည်။

ယင်းဖွင့်ပွဲ အခမ်းအနား၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ကလည်း "မိမိတို့ ကျန်းမာရေးဝန်ထမ်းများကလည်း ပိုမိုအရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဆရာများ မွေးထုတ်ပေးရေးနှင့် ပြည်သူတို့၏ကျန်းမာရေး ပိုမိုစောင့်ရှောက်ပေးရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြန်လည်တင်ပြခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခု အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြင့် အရည်အသွေး မြင့်မားသော တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်နိုင်မှုက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်သည်။

သို့ပါ၍ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်း မြင့်မားရေးအတွက် နိုင်ငံတော်က ယခုကဲ့သို့ ပံ့ပိုးချီးမြှင့်နေသည့် အချိန်အခါကောင်းတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များကလည်း နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစီမံကိန်းကြီးများတွင် ပါဝင်ကြိုးပမ်း အားထုတ်ကြရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ငွေပဒေသာပင်အတွက် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်မှ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဒုမာဘိဝံသက အလှူငွေကျပ်တစ်သိန်းကို အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်သို့ ပေးအပ်လှူဒါန်းစဉ်။ (သာသနာရေး)

တိပိဋကဓရ ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲအတွက် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲကို ဇန်နဝါရီ ၁၇ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

ယင်းအခမ်းအနား၌ တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဝင် ဆရာတော်ကြီးများ ဖြစ်ကြသော မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဒုမာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)က အလှူငွေကျပ် ၁၀၀၀၀၀၊ တွံတေးမြို့ ကျုံးကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဧယျမ္မ(အဂ္ဂမဟာပဏ္ဍိတ)က အလှူငွေကျပ် ၁၀၀၀၀၀၊ မန္တလေးမြို့ ရတနာပုံတိုက် ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တကလျာဏက အလှူငွေကျပ် ၁၀၀၀၀၀၊ မရမ်းကုန်းမြို့နယ် ဒေဝနိမ္မိတာရုံဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလနှင့်တပည့်ဒါယကာ၊ဒါယိကာမများက အလှူငွေကျပ် ၁၆၀၀၀၀၊ သံဖြူဇရပ်မြို့ အောင်ဆန်းလမ်း အမှတ်-၉၃ နေ ဦးပြုံးချို-ဒေါက်တာမြင့်မြင့်စု၊ သမီးမလဲ့ရည်ထွန်း၊ သားမောင်ရန်လင်းအောင်တို့က အလှူငွေကျပ် ၅၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်တို့က လက်ခံယူပြီးဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ချီးမြှင့်သည်။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုသော အလှူရှင်များသည် ပဒေသာပင်တစ်ပင်လျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် ဖုန်း-၆၆၅၆၇၃နှင့် ညွှန်ကြားရေးမှူး ဦးထွန်းလှ ဖုန်း-၆၆၀၇၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃-လမ်း မှတ်တိုင်အနီး)တွင် အမှတ်-၄၈၊ ခြောက်လွှာ(ယာ)၊ ရေကျော်လမ်း၊ ပုဇွန်တောင်နေ Dr.ကျော်သက်ခိုင် (ကျော်သက်ခိုင်-စာပေ) မိသားစု၏ ပဥ္စမအကြိမ်အလှူအဖြစ်ငွေကျပ်တစ်သိန်းကို ဦးစန်မင်း (စာရင်းစစ်)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်(၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများမစတင်မီ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းနှင့် ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော် ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ယှဉ်ပြိုင်

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ဗိုလ်သင်တန်းကျောင်းကိုယ်စားပြုစစ်တီးဝိုင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃)၊ ဧရာဝတီတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)၊အမှတ်(၅)စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းနှင့် အမှတ်(၂)စစ်အခြေခံ လေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

သရုပ်ဖော်

ထိုသို့ယှဉ်ပြိုင်ရာတွင် ဗိုလ်သင်တန်းကျောင်းကိုယ်စားပြု စစ်တီးဝိုင်းက ဒို့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ဒို့တပ်မတော်သား စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃)က ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ မြန်မာအာဇာနည်စစ်ချီတေးများဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းက ဘာမထိဒို့ရဲဘော်၊ အမျိုးချစ်တဲ့ဇာနည်စစ်သည်တော်၊ မျိုးမြန်မာပြည်ရွာ စစ်ချီတေးများဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က အောင်လံလွှင့်မယ့်ဒို့တပ်မတော်၊ မျိုးမြန်မာပြည်ရွာ၊ စံပြဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၅)စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့စစ်သည်၊ မျိုးမြန်မာပြည်ရွာ၊ စံပြဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၂) စစ်အခြေခံ လေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းက ရဲသွေးရဲမာန်၊ ပြည်သူ့သားစစ်သည်၊ ပြည်သူ့သားကောင်း စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး၊ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက အလှသရုပ်ပြဖျော်ဖြေကြသည့် ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းနှင့် ဗိုလ်တထောင်မြို့နယ်အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။

ယနေ့ကျင်းပသည့်(၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲသို့ တပ်မတော် အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊တပ်မတော် (ကြည်း၊ရေ၊လေ)အရာရှိစစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးကော်မတီအတွင်းရေးမှူး၊ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုး (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် အလှသရုပ်ပြဖျော်ဖြေကြသည့် ကျောင်းများအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။ (ထပဆ)

ရွှေနန်းတော် သုံးထပ်ဆွမ်းစားဆောင် ရေစက်ချမင်္ဂလာ

ရန်ကုန် ဇန်နဝါရီ ၁၉

ကျေးဇူးရှင် သက်တော်ရှည်ရွှေဥမင် ဆရာတော်ကြီးအား ဦးထိပ်ထားလျက် မှော်ဘီမြို့ အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ အရှင်သူမြတ်ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းအတွက် နှစ်ဖက်သော မိဘများကို အမှူးထား၍ ရွှေနန်းတော်စိန်ရွှေရတနာမိသားစုတို့က ဆောက်လုပ်လှူဒါန်းသော ရွှေနန်းတော်သုံးထပ်ဆွမ်းစားဆောင် ရေစက်ချအလှူတော်မင်္ဂလာပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(က-ပ)

လမ်းပေါက်ဖာခြင်းလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဗန္ဓုလလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ကတ္တရာလမ်းပေါက်ဖာခြင်းလုပ်ငန်း အရှည် ၇၅ပေ၊ အကျယ် ၁၂ပေ၊ စတုရန်းပေ ၉၀၀၊ အောင်နဒီလမ်း လမ်းဘေးကတ်တုံးများ ပြုလုပ်ခြင်း အရှည်ပေ ၃၀၀ တို့ကို ဆောင်ရွက်ခဲ့သည်။ (သတင်းစဉ်)



ဆေးတက္ကသိုလ်(၂)ရန်ကုန် (၁၉၈၀-၁၉၈၅)ခုနှစ် ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ရနှစ်(၂၀)ပြည့် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၈ရက်က မြန်မာနိုင်ငံဆရာဝန်များအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများက ကန်တော့လက်ဆောင်ပေးအပ်စဉ်။ (က-ပ)

INTERPRETATION OF STATUTE LAW AND TREATY စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုသော INTERPRETATION OF STATUTE LAW AND TREATY စာအုပ်ကို တရားရုံးချုပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန် ဖုန်း-၃၈၀၇၈၄ က ထုတ်ဝေဖြန့်ချိလိုက်သည်။

ဆက်စပ်ဖော်ပြထား

အဆိုပါစာအုပ်တွင်ဥပဒေရပ်ဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်များကို နိုင်ငံတကာဥပဒေရေးရာများနှင့် ဆက်စပ်ဖော်ပြထားသည်။

(က-ပ)

လှိုင်မြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ရက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင်ကျင်းပရာ အနောက်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့မှဒေါ်သန်းနုက မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီအား ငွေကျပ်သုံးသောင်း လှူဒါန်းစဉ်။ (က-ပ)

❒ **ကျောဖုံးမှ**

ရရှိရေးကိုလည်း ပံ့ပိုးဆောင်ရွက်ပေးရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မဒေးရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ကံမမြို့နယ်၌ စိုက်ပျိုးမြေဧက ၄၀၀၀ ကို ရေပေးသွင်း၍ သီးထပ်စိုက်ပျိုးနိုင်မည် ဖြစ်သည်။

ဆည်ရေပေးဝေမှုကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ်၌ ၂၀၀၄ခုနှစ် ဇွန် ၂၅ရက်က ဖွင့်လှစ်ခဲ့သည့် ခဝါရေလှောင်တမံ၏ ရေပေးမြောင်းမှ ဆည်ရေပေးဝေမှုနှင့် နွေစပါး စိုက်ပျိုးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် သံကူကွန်ကရစ်အမျိုးအစား အကျယ်ပေ ၃၀ရှိသည့် ရေပိုလွှဲကိုလည်းကောင်း၊ တမံအတွင်း ရေသိုလှောင်ထားမှု၊ စိုက်ပျိုးမြေဧက ၂၀၀၀သို့ ဆည်ရေပေးမှု၊ သောက်သုံးရေပေးသည့် ရေပိုက်တပ်ဆင်ထားမှု၊ လျှပ်စစ်အားဝပ် ၃၀၀၀ထွက်ရှိသည့် ပြည်တွင်းဖြစ် ဒိုင်နမိုတပ်ဆင်၍ ကျေးရွာသို့ မီးပေးနိုင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့အား ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူးက ခဝါရေလှောင်တမံ ထိန်းသိမ်းမှုလုပ်ငန်းနှင့် နွေစပါးစိုက်ရန် ဆည်ရေပေးမှုကို လည်းကောင်း၊ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက ပြည်ခရိုင်၌ ဆည်ရေဖြင့် နွေစပါးဧက ၇၂၀၀၀ စိုက်ပျိုးမှုနှင့် ကျေးရွာသုံးလျှပ်စစ်ကို ဆည်ရေဖြင့် တိုးချဲ့ရယူမည့်အစီအစဉ် ဆောင်ရွက်မှုကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးစန်းမောင်က ခဝါဆည်ရေဖြင့် နွေစပါးဧက ၁၀၀၀ စိုက်ပျိုးရန် ဆောင်ရွက်မှုကို လည်းကောင်း၊ ချင်းရွာကြီးနှင့် တုံကင်းရွာမှ တောင်သူလယ်သမားများက ဆည်ရေရပြီး ယခင်က မိုးစပါးတစ်သီး စိုက်ပျိုးခဲ့ရာမှ ယခုနွေစပါး ထွန်ယက်စိုက်ပျိုးပြီး သီးထပ်ရရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထိထိရောက်ရောက်သုံးစွဲ

ဝန်ကြီးက အဖိုးတန်သည့်ရေကို လေလွင့်ဆုံးရှုံးမှုမရှိအောင် ထိထိရောက်ရောက်သုံးစွဲကြရန်လိုကြောင်း၊ ရေလှောင်တမံပတ်ဝန်းကျင်ရှိ ရေဝေရေလဲဒေသ၌ သစ်ပင်သစ်တော စိုက်ပျိုးထိန်းသိမ်းကြရန် လိုအပ်ကြောင်း၊ လက်ရှိရေသိုလှောင်မှုထက် ပိုမိုရရှိရန်လည်း ဆောင်ရွက်နေကြောင်း၊ တောင်သူလယ်သမားများက လက်တံမြောင်းမှရေကို လယ်ကြားမြောင်းများဖြင့် စနစ်တကျ ဆည်ရေရယူကြပြီး စိုက်ပျိုးကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် တောင်သူလယ်သမားများအား တွေ့ဆုံနှုတ်ဆက်ပြီး လိုအပ်ချက်များကို ကူညီပံ့ပိုးခဲ့သည်။ (သတင်းစဉ်)

အမှတ်(၁၈၈၄/၁၈၈၅) မြရိပ်ညို (၅)လမ်း အဆင့်မြင့်ရပ်ကွက် လှိုင်သာယာမြို့နယ်နေ ကိုမြင့်ဇော်-မမြတ်မြတ်စိုးတို့က မင်္ဂလာဦးအလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ငွေကျပ် ၁၅၀၀၀၀ ကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- ✱ **မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။**
- ✱ **သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။**
- ✱ **ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။**
- ✱ **သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထောက်အကူပြုသည်။**
- ✱ **အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။**

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စာတမ်းပေါင်း ၁၁စောင် တင်သွင်းဖတ်ကြား

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၏ ပဉ္စမနေ့အစီအစဉ်ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ နံနက်ပိုင်းသဘာပတိများအဖြစ် ဆေးတက္ကသိုလ်(၂) ဆေးဝါးဗေဒဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဦးကျော်၊ ဆေးတက္ကသိုလ်(၁) ဆေးဝါးဗေဒဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာနန်းလုလုဝင်း၊ သူနာပြုတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမေဝင်းအောင်ခင်တို့က ဆောင်ရွက်ကြသည်။

ဖတ်ကြား

ထို့နောက် စာတမ်းရှင်များက ကျန်းမာသော အမျိုးသားများအပေါ်တွင် Probenecid ဆေး၏ Cephalexin ဆေးအပေါ် အကျိုးသက်ရောက်မှု၊ ဈေးကွက်တွင်ရှိသော တီဘီဆေးအမျိုးမျိုးထဲတွင် ပါဝင်သော ရိုင်ဖန်ပစင်နှင့် အိုင်ဆိုနိုင်ရာစစ် အချိုးအစား တိုင်းတာခြင်း သုတေသန၊ တီဘီဆေးများ၏ ဆိုးကျိုးအာနိသင်ကို ထောက်လှမ်းလေ့လာခြင်းသုတေသန(4FDCs)၊ပြည်တွင်းထုတ်လုပ်ထားသော ကျောက်သွေးအဆိပ် အာနိသင်နှင့် ဓာတုပစ္စည်းပါဝင်မှုကို စမ်းသပ်ခြင်း၊ မက်ဖလိုကွင်း ဆေးနှစ်မျိုးနှင့် စတီရီယို ဓာတုကိုယ်တွင်းကြမ္မာ ပြောင်းလဲမှုကို လေ့လာခြင်း သုတေသန၊ ရင်သားကင်ဆာလူနာများတွင် Methotrexate ဆေး သွေးတွင် ပမာဏ ရာခိုင်နှုန်းနှင့် သွေးတွင် အဆင့်ဆင့်ပြောင်းလဲမှုဖြစ်စဉ်ကို လေ့လာခြင်း၊ ဆေးဝါးဓာတုဗေဒ လတ်တလော အဆိပ်သင့်ခြင်းတွင် ဇီဝပစ္စည်းများမှ အဆိပ်များကိုသီးသန့်ခွဲခြားထုတ်လုပ် တိုင်းတာခြင်း သုတေသန၊ မြန်မာ့တိုင်းရင်း သန်ချဆေး(LWM-001) အစွမ်းသတ္တိကို လက်တွေ့စမ်းသပ်နည်းပုံစံဖြင့် စမ်းသပ်ခြင်းစာတမ်းများကို ဖတ်ကြားကြသည်။

ဆွေးနွေး

ထို့နောက် မွန်းလွဲပိုင်းတွင် သုတေသနစာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမျိုးမြင့်၊ ဆေးတက္ကသိုလ်(၂) ဇီဝဓာတုဗေဒဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာညိုညိုတို့က ဆောင်ရွက်ကြပြီး သုတေသနစာတမ်းရှင်များက ရုတ်တရက် ဦးနှောက်သွေးကြောပိတ်ခြင်းကြောင့် လေဖြတ်လေငန်းဖြစ်သော လူနာများတွင် သွေးခဲစေမှု ဓာတ်ပြောင်းလဲချက်များကို လေ့လာခြင်း၊ နှလုံးကြွက်သားသေ မြန်မာလူနာများတွင် Lipoprotein(a) ပမာဏကို တိုင်းတာတွေ့ရှိချက်၊ လူငယ်များ ကျန်းမာရေးနှင့်ဆက်နွှယ်သော အန္တရာယ်ရှိသည့် အပြုအမူများကိုလေ့လာခြင်း စသည့် စာတမ်း ၁၁စောင်ကို ဖတ်ကြားပြီး တက်ရောက်သူများက စာတမ်းနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြကာ မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

ယနေ့နံနက် ၉နာရီတွင် နည်းပညာရက်သတ္တပတ်(Technology Week) အဖြစ် ဓာတုပစ္စည်း အန္တရာယ်ကင်းရှင်းရေး ပတ်သက်သော အကြောင်းများကို သုတေသီ ပညာရှင်များက ဟောပြောဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်းဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၅ခုနှစ် အကြိမ်(၅၀)မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပသည်။

မန္တလေးဇုန်၌ကျင်းပသော ပြိုင်ပွဲတွင် (က)အုပ်စုမှ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ကချင်ပြည်နယ်မှ ညွန့်ဝင်းက ရရှိသွားသည်။

ပဲခူးဇုန်၌ကျင်းပသော ပြိုင်ပွဲတွင် (ဂ)အုပ်စုမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ သန့်ဇင်ဦးက ရရှိသွားသည်။ (သတင်းစဉ်)

✡ **နိုင်ငံတော်မှ**

အိုက်ကျောက်နှင့် စိုင်းလုံကျောက်တို့သည်လည်းကောင်း၊ ဒုတပ်ကြပ်အဆင့်ရှိ အိုက်ပီးသည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ရှစ်တောင့်တို့ဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုအရာခံဗိုလ် မောင်မောင်အောင်သည်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၂)မှ တပ်သား စောဆာကပေါနှင့် စောဖိုးခိုင်တို့သည်လည်းကောင်း၊ အက်စ်ယူအာရ်အေတောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၂၄၁)မှ တပ်သားအိုက်စံသည်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် မွန်ခွဲထွက် တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားမောင်ကျံယောသည်လည်းကောင်း၊ ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၆)၊ ရင်း(၁၀၆)မှ ဒုတပ်ကြပ်အဆင့်ရှိ ထိကျော်ထူးသည် လက်ပစ်ဗုံးတစ်လုံးနှင့် စနက်တံတစ်ခုတို့ဖြင့် လည်းကောင်း၊ ရင်း(၁၈)မှ တပ်ကြပ်ကြီးအဆင့်ရှိ စောသယ်ဖိုးနှင့် တပ်သားစောဟောခိုလယ်တို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၂၂တောင့်၊ အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၆တောင့်တို့ဖြင့်လည်းကောင်း၊ လုံခြုံရေးတပ်ခွဲမှ တပ်သား စောနိုးနိုးသည် ကာဘိုင်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၅တောင့်တို့ဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၁၁)မှ တပ်သား စောဖီးလော့၊ ဇနီး နော်ဖီးလေး၊ သမီး နော်ဘီဘီ၊ သားများဖြစ်ကြသည့် စောဖီးဆေး၊ စောဖိုးဘို၊ စောခွာခွာနှင့် စောချိုအေးတို့သည် ကာဘိုင်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ငါးတောင့်တို့ဖြင့်လည်းကောင်း၊ ဒုတပ်ကြပ်အဆင့်ရှိ စောဝိဘယ်နှင့် ဇနီး နော်မဲ၊ ဒုတပ်ကြပ်အဆင့်ရှိ စောဘီလူးနှင့်ဇနီး နော်လေးခက်၊ တပ်သားစောဖာလာဒါးနှင့်ဇနီး နော်ထရိတ်ဖောတို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည်အတောင့် ၅၀၊ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့်လည်းကောင်း၊ တပ်မဟာ(၄)၊ ရင်း(၁၁)မှ တပ်စိတ်မှူးအဆင့်ရှိ သန်းလွင်သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်နှစ်တောင့်တို့ဖြင့်လည်းကောင်း၊ အင်န်ဒီအေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်မှူးအဆင့်ရှိ ဖဒိုအုန်းသွင်၊ တပ်ခွဲမှူးအဆင့်ရှိ ရွှေနီနှင့် ဇနီး ဒေါ်ဝင်းကြည်၊ သမီး နေလင်းစန္ဒာနှင့် နေဝင်းလှိုင်၊ သား နေဝင်းကျော်၊ တပ်ခွဲမှူးအဆင့်ရှိ ကာဗီဟတ်၊ ဇနီး ဒေါ်လှကြည်၊ သား မောင်အတောင်းနှင့် မောင်ဘီဒါ၊ သမီး မသန်းကျွတ်ငွေ၊ တပ်ခွဲမှူးအဆင့်ရှိ နိုင်ကိုအောင်၊ ဇနီး ဒေါ်မြင့်အေး၊ ဒုတပ်ခွဲမှူးအဆင့်ရှိကြသော ရဲထွန်း၊ ရွှေလှနှင့် ဘလှိုင်၊ တပ်စုမှူးအဆင့်ရှိ ထွန်းဝင်း၊ အရာခံဗိုလ်အဆင့်ရှိ အနိုင်၊ စည်ရုံးရေးမှူးအဆင့်ရှိ ဦးမှုန်၊ ရုံးအုပ်အဆင့်ရှိ အောင်လင်း၊ အတွင်းရေးမှူးအဆင့်ရှိ ဝေဦး၊ ဆက်သား စောသနထူး၊ တပ်သား စိန်ဝင်းနှင့် မောင်စိန်တို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်သုံးလက်၊ အမ်-၇၉ လောင်ချာနှစ်လက်၊ အမ်-၇၂ နှစ်လက်၊ ကျည်မျိုးစုံအတောင့် ၂၆၀၊ ဗုံးသီး ၂၈လုံး၊ လက်ပစ်ဗုံးခြောက်လုံး၊ မိုင်းလေးလုံးတို့ဖြင့်လည်းကောင်း၊ တပ်သား စောဖောရီသည် မိခိုသူနှစ်ဦးဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အေအယ်ပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား မောင်သစ္စာ၊ ဇနီး မစိန်အေးသာနှင့်သမီး မခိုင်ခိုင်ဝင်းတို့သည် လုပ်သေနတ်တစ်လက်၊ ၎င်းကျည်နှစ်တောင့်တို့ဖြင့်လည်းကောင်း အသီးသီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

လှိုက်လှဲပျူငှာစွာကြိုဆို

အဆိုပါရက်များအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ ၃၅ဦးနှင့် မိခိုသူမိသားစုဝင် ၂၀ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးသည်။ (သတင်းစဉ်)





ကျင်းပ

တောင်ဥက္ကလာပ အထက(၁)တွင် ၁၉၅၉ခုနှစ်မှ ၁၉၈၅ခုနှစ်ထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက်က အဆိုပါကျောင်း သီရိရတနာနန်းမဆောင်၌ ကျင်းပစဉ်။ (က-ပ)

တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် ညောင်တုန်းမြို့နယ် မူလတန်းကြိုကျောင်းဖွင့်ပွဲ တက်ရောက် ဗိုလ်မြတ်ထွန်းတံတား ရေလမ်းကြောင်းနှင့် မြစ်ကမ်းပါးထိန်းသိမ်းမှုများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဆင်ထုံးကျေးရွာအုပ်စု ကြိမ်ပင်ဆည်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်းဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာရှိအသင်းခွဲ အဆောက်အအုံ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ မအူပင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်မိသားစုနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ မအူပင်ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဦးနှင့် အဆောက်အအုံအလှူရှင် ဦးရွှေညာတို့က မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်တိုင်းမှူးကမူလတန်းကြိုကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။ထို့နောက် အခမ်းအနားကို ကျောင်းဆောင်သစ်ခန်းမတွင်ကျင်းပရာရှေးဦးစွာတိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ အလှူရှင် မန်းကေသီစားသောက်ဆိုင်ပိုင်ရှင် ဦးရွှေညာက အဆောက်အအုံ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီးဦးရွှေညာနှင့် ဇနီး ဒေါ်စန်းစန်းငွေ၊ သမီး မနှင်းဦးဝေတို့က အဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်လတ်က လက်ခံရယူသည်။

ထို့နောက် အလှူရှင် ဦးရွှေညာက တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ်အလံများပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မူလတန်းကြိုကျောင်းအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်ရာ တိုင်းမှူးနှင့် ဇနီးမိသားစုတို့က ဗွီစီဒီပြစက်တစ်လုံးကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဇနီးတို့က ပေးပို့လှူဒါန်းသော ကျောင်းလွယ်အိတ်ဖဲလုံးနှင့်ဘောလုံး အလုံး၇၀ကိုလည်းကောင်း၊ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျောင်းငွေပဒေသာပင် ကျပ်နှစ်သောင်းကိုလည်းကောင်း၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က မူကြိုကလေးအသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ အလှူရှင်များဖြစ်ကြသော ဆင်ထုံးကျေးရွာဥက္ကဋ္ဌ ဦးကျော်သိန်းမိသားစုက ၂၁ လက်မ တီဗွီတစ်လုံး၊ အေးရှားပိုက် မိသားစုက မီးစက်တစ်လုံး၊ စက်ကော့(တောင်)ကျေးရွာမှ ဦးဝင်းမောင်နှင့်ဇနီးတို့က ငွေပဒေသာပင်ကျပ် ငါးသောင်းနှင့် မန်းကေသီစားသောက်ဆိုင်မိသားစုကငွေပဒေသာပင်ကျပ်တစ်သိန်းတို့ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက လက်ခံယူသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် ကျောင်းခန်းမတွင် မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များ စုပေါင်း ဖျော်ဖြေကြသော တေးသရုပ်ဖော်အကနှင့် ဥဩဇာစွမ်းရည်၊ ကာယစွမ်းရည် သရုပ်ပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိပြီး ဧရာဝတီ အနောက်ဘက်ကမ်း မြစ်ကမ်းပါး ထိန်းသိမ်းရေးလုပ်ငန်းခွင်ရှိ ရှင်းလင်းဆောင်တွင် တံတားကြံ့ခိုင်ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင်များအား တွေ့ဆုံရာ တိုင်းမှူးအား တာဝန်ရှိသူများက ရေလမ်းကြောင်းထိန်းသိမ်းရေးနှင့် မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားကာဘိုးပိုင်အခြေပြုပေ ၅၀၀ အရှည် ကျောက်စီ ရေလွှဲရေကာတာလုပ်ငန်း ဆောင်ရွက်နေမှုနှင့် သင်္ဘောဝင်ထွက်လမ်းကြောင်း သတ်မှတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက်တိုင်းမှူးသည် ဗိုလ်မြတ်ထွန်းတံတားပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ တံတားကြံ့ခိုင်ထိန်းသိမ်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ညောင်တုန်းမြို့နယ် ပုသိမ်-ရန်ကုန်ကားလမ်းဘေး ဦးညိမ်းရီးတံတားအနီးရှိ တောင်သူဦးသိန်းစိုး၏ ပဲလွန်း ငါးဧက စိုက်ခင်းသို့ ဝင်ရောက်၍ ပဲလွန်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

လျာထား

ညောင်တုန်းမြို့နယ် အနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ် စိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၈၁၄၇၄ ဧကလျာထားခဲ့ရာ ၈၁၆၇၆ ဧက စိုက်ပျိုးပြီးဖြစ်သည်။ (သတင်းစဉ်)

❀ သုတေသနမှ

တိုင်းရင်းဆေးသုတေသန စာတမ်းခြောက်စောင်တင်သွင်းနိုင်ခဲ့ခြင်း၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)နှင့် (မြန်မာပြည်အလယ်ပိုင်း)တို့က စာတမ်းနှင့် ပိုစတာများ တင်သွင်းနိုင်ခဲ့ခြင်းတို့ကို မိမိအနေဖြင့် အထူးတလည် အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါကြောင်း။

သုတေသနစာတမ်းဆိုသည်မှာ သုတေသနလုပ်ငန်းတစ်ရပ် ပြီးမြောက်ခြင်း၏ အမှတ်အသားဖြစ်ကြောင်း၊ ပြီးမြောက်ပြီးနောက် အောင်မြင်ခြင်းအဆင့်ရောက်ဖို့သည် ဤသုတေသနတွေ့ရှိချက်များသည် ခိုင်မာကြောင်း အများကလက်ခံကြ၍ အသုံးချသည့်အဆင့်ကိုရောက်ရှိရမည်ဖြစ်ကြောင်း၊ Research results utilization ဟု ခေါ်သည့် သုတေသနတွေ့ရှိချက်များကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်သည့် အဆင့်ရောက်ရှိသွားပြီဆိုလျှင် ဤသုတေသနသည် ပြီးမြောက်အောင်မြင်သွားပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် သုတေသနများကို အသုံးချအဆင့်အထိရောက်အောင် ကြိုးစားကြပါဟု ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုထားသည့် ရောဂါကြီးခြောက်မျိုးအတွက် သုတေသနများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်၊ ကျန်းမာရေးသုတေသနများကို ဆေးသုတေသနဦးစီးဌာနသုံးခုသာမက ကျန်ဦးစီးဌာနများကလည်း တိုးမြှင့်ဆောင်ရွက်ကြရန်၊ ဆောင်ရွက်သမျှ သုတေသနများကို နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်မြင့်မားရေး၊ ပြည်သူလူထုကျန်းမာအသက်ရှည်ရေးတို့မှာ လက်တွေ့ကျကျအသုံးချနိုင်အောင် ဦးတည်ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆုရရှိသူများကြေညာ

ထို့နောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံအကောင်းဆုံး သုတေသနစာတမ်းများနှင့် အကောင်းဆုံး ပိုစတာဆု ရွေးချယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာညွန့်ဝေက အကောင်းဆုံး ဆုများရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သုတေသနသုံးမျိုးအတွက် အကောင်းဆုံး သုတေသနစာတမ်းများနှင့် အကောင်းဆုံးပိုစတာဆုရရှိသူများကို ကြေညာသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အကောင်းဆုံးအခြေခံ သုတေသနစာတမ်းဖြစ်သည့် "ကယားပြည်နယ်တွင်ပေါက်ရောက်သော ပန်းခါးဆေးပင်မျိုးစုများ၏ ငှက်ဖျားရောဂါပိုးအပေါ် အာနိသင်သက်ရောက်မှုနှင့် ပါဝင်သော ဒြပ်ပေါင်းကို လေ့လာခြင်း"စာတမ်းရှင်များကိုယ်စား ဒေါ်ခင်ဖြူဖြူအားလည်းကောင်း၊ အကောင်းဆုံး လက်တွေ့အသုံးချသုတေသန စာတမ်းဖြစ်သည့်"ဝေးလံသောဒေသများတွင် ငွေကြေးကုန်ကျမှုမရှိဘဲ သွေးလှူရှင်များအတွင်းမှ အသည်းရောင် အသားဝါစီရောဂါပိုးသယ်ဆောင်သူများကို ဖယ်ထုတ်ခြင်း"စာတမ်းရှင်များကိုယ်စား ဒေါ်ရီရီကျော်အားလည်းကောင်း၊ အကောင်းဆုံးကျန်းမာရေးစနစ်သုတေသနစာတမ်းဖြစ်သည့် "ဘားအံ မြို့နယ် ကျေးလက်ဒေသအတွင်းရှိ တိုင်းရင်းသားအုပ်စုများ၏ ထိမ်းမြားမှုဓလေ့ထုံးစံများကို လေ့လာခြင်း" စာတမ်းရှင်များကိုယ်စား ဒေါ်ကြူကြူသန်းအားလည်းကောင်း၊ အကောင်းဆုံးပိုစတာဖြစ်သည့် "ရန်ကုန်မြို့ဆင်ခြေဖုံး ဒေသတစ်နေရာတွင် နည်းလမ်းသစ်များကို အသုံးပြု၍ ဆောင်ရွက်သော လူထု အခြေပြုသွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းခြင်း သုတေသန"ပိုစတာရှင်များကိုယ်စား ဗိုလ်မှူးထင်ဇော်စိုးအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



အင်းစိန်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ကြီးမှူး ဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၂/၂၀၀၄) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၈ ရက်က အင်းစိန် အလက(၄)စာသင်ဆောင်၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြု တပ်ရင်းမှူး ဒုရဲမှူးမြစိန် ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (ဓာ)

ကုန်သည်/ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဂျပန်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအား ယမန်နေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံအခြေစိုက် New Energy and Industrial Technology Development Organization (NEDO) မှ Mr. Toshiya IMADA, Representative ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၀ဦးပါဝင်သော ဂျပန်ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သို့ လာရောက်တွေ့ဆုံပြီး စီးပွားရေးလုပ်ငန်း စီမံကိန်းများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စ၊ စပါးခွံ၊ မြေပဲခွံ စသည့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ စွမ်းအင်ထုတ်လုပ်ရန်ကိစ္စ၊ ဆန်စက်နှင့်ဆီစက်များကြိတ်ခွဲလည်ပတ်ထုတ်လုပ်နေမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

သဲအင်းဂူ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် အရှင်ပဏ္ဍဝံသ (မိဂလုံ)သည်ခန္ဓာကိုယ်တွေ့သမထဝိပဿနာတရားတော်များကို ဇန်နဝါရီ ၃၁ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများအား အခမဲ့ အမိဋ္ဌာန်ဖြစ်ပါ၍ ဇန်နဝါရီ ၃၀ ရက် ညနေအရောက် လာရောက်ကြရန်နှင့် အာဟာရဒါန လှူဒါန်းလိုသူများ ဓမ္မရောင်ခြည်သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပေးအပ်

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ (၇) ရပ်ကွက်အတွင်းရှိနိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ရက်က ကျင်းပရာ တိုင်းဦးစီးဌာနမှူး ဦးတင်အောင်၊ အရှေ့ပိုင်းခရိုင်ဦးစီးဌာနမှူးဦးကံညွန့်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးစိုးမြင့်တို့က တစ်ဦးချင်းပေးအပ်စဉ်။ (ဓာ၃)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများ စိုက်ထူရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူ ရေး မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများ စိုက်ထူ ရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် သယ်ယူရေးမြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများ စိုက်ထူရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ ဌာနဆိုင်ရာများနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်က အဖွင့်ဆွေးနွေးမှာကြားသည်။

ရုပ်သိမ်း

ထို့နောက် ဆပ်ကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)ဌာနမှူးဦးဇော်ဝင်းက ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်သို့ အလံတော် သယ်ယူရေးအစီအစဉ်များ၊ မြေစိုက်ပိုစတာနှင့် ပြည်နယ် အထိမ်းအမှတ် သင်္ကေတများ စိုက်ထူရေးကိစ္စရပ်များကို လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ခရိုင်များအလိုက် အလံတော်ညအိပ်ရပ်နားသယ်ယူမည့် အစီအစဉ်များကိုလည်းကောင်း၊ ဌာနဆိုင်ရာများမှ ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်း အစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဆပ်ကော်မတီဥက္ကဋ္ဌဗိုလ်မှူးကြီးမြင့်အောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အကပဒေသာ
၈:၂၀ ၇။ ရွှေလီတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ)(သတ္တဗေဒ)
၅:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၂၀ ၇။ တေးဂီတအစီအစဉ်
၅:၃၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၅၀ ၉။ **အလံလေးတော့ကိုင်ပြေပါ (ခွန်နိုင်ဝင်း၊ရတနာခင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၆:၀၀ ၁၀။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၆:၁၀ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူချွန်လူကောင်း(အပိုင်း-၄၇)**
၇:၃၀ ၁၅။ တပ်မတော်အစိုးရ၏မပြောင်းမလဲခိုင်မြဲသောစီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေး ဦးတည်ချက်
၇:၄၅ ၁၆။ Myanmar ICT Week ဂုဏ်ပြုအစီအစဉ်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကောင်မလေးရဲ့ဖူးစာရှင်" (အပိုင်း-၁) (လွင်မိုး၊နေအောင်၊နန္ဒာလှိုင်) (ဒါရိုက်တာ-ကိုဇော်) (အရဏ်ဦး)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ကျေးသီးနှင့် ပင်လုံမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းတွင် ကျေးသီးမြို့ နှစ်မိုင်ဝတ်ပေါင် ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ၂၀၀၄ခုနှစ် ဇွန် ၆ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော နှစ်မိုင်ဝတ်ပေါင်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇဝန၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုပြီး ဆရာတော် အရှင်နန္ဒာသီရိ အမှူးပြုသော သံဃာတော်ငါးပါးတို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

မြို့နယ်ခန်းမပြင်ဆင်မှု

ယင်းနောက် တိုင်းမှူးသည် ကျေးသီးမြို့ မြို့နယ်ခန်းမသို့ သွားရောက်၍ မြို့နယ်ခန်းမတိုးချဲ့ ပြင်ဆင်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဆားတောတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်တွင် ပြည်နယ်အင်ဂျင်နီယာမှူး ဦးစိုးတင့်နှင့်ဆားတောတံတား တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးဝင်းဦးတို့က တံတား တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆားတောတံတားသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် လွိုင်လင်–ပန်ကေတု–သီပေါ လမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၉၀/၅)တွင် တည်ရှိပြီး တံတားအရှည် ပေ ၃၆၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေစီ ပါရှိပြီး သံကူကွန်ကရစ်တိုင်၊ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းအမျိုးအစားဖြစ်ပြီး တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၆)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ဖူးမြော်ကြည်ညို

ညနေပိုင်းတွင် တိုင်းမှူးသည် မိုင်းကိုင်မြို့ သမိုင်းဝင် ရွှေမြင်တင်စေတီတော်သို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီးနောက် ဆရာတော် ဘဒ္ဒန္တ စန္ဒာတိကအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးသည် ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်တန်ဆောင်းပြာသာဒ်တည်ဆောက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညပိုင်းတွင် တိုင်းမှူးသည် လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ မဟာရဋ္ဌဘိသာမဂ္ဂီစေတီတော် တည်ဆောက်ရေး စီမံကိန်း(ပင်လုံ)သို့ ရောက်ရှိပြီး စေတီတော် တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းမန်နေဂျာ ဦးအောင်ခင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

၁၉၆၄ ခုနှစ်မှစ၍ ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား ဆွမ်းကပ်လှူပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ရက်က သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆွမ်းစားကျောင်း၌ကျင်းပရာ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရီဘိဝံသအမှူးပြုသော ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(က–ပ)

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်) ၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့ထူး ဂုဏ်ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၅ခုနှစ် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ အာဇာနည်ဗိမာန်လမ်း၊ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းဝင်မဖြစ်သေးသည့် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်နှင့် အသင်းဝင်မိသားစုများစာရင်း၊ ၂၀၀၃–၂၀၀၄ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ သားသမီးများ၏စာရင်းကို အထောက်အထားနှင့်တကွ ဇန်နဝါရီ ၂၉ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးချမ်းမောင်၊ ဖုန်း–၅၁၃၄၆၂၊ ဒု–ဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း–၅၄၅၃၉၅၊ ၅၄၅၃၉၆၊ ဒု–ဥက္ကဋ္ဌ ဦးတင်လှ ဖုန်း–၀၉–၅၀၂၁၁၂၉၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း–၀၉–၅၀၁၄၂၆၄ ဘဏ္ဍာရေးမှူးဒေါ်မြတင် ဖုန်း–၂၅၄၂၁၀ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ (က–ပ)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်၁၅(က)နေ ပသုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် နာယက ဒေါ်သန်း၏(၈၄)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်သို့ ဇန်နဝါရီ ၉ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၉

သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားအရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်၏နာယကကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မလောက (ဓမ္မာစရိယ) ဆရာတော်အရှင်သူမြတ်သည် ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ခုနစ်ရက်တရားစခန်းပွဲကို သန်လျင်မြို့ လက်ယက်စမ်းအုပ်စု ပျဉ်ထောင်ကျောင်းကျေးရွာ ဓမ္မသုခကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ ယောဂီများသည် ဖုန်း–၅၆၀၇၁၀ သို့ ဆက်သွယ်စာရင်းပေး၍ ဇန်နဝါရီ ၂၄ ရက် ညနေ ၄ နာရီအရောက် တရားစခန်းသို့ ဝင်ရောက်ကြရန် နှိုးဆော်ထားသည်။ (၅၀၆)

တပ်မတော်(ကြည်း၊ရေ၊လေ) သေနတ်ပစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၄–၂၀၀၅ခုနှစ် (၄၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၁၆ရက် နံနက် ၉နာရီက ပြင်ဦးလွင်တပ်နယ် စက်ပစ်ကွင်း၌ကျင်းပရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများ၊ တပ်နယ်၊တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိစစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက ဒုတိယတိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီးနောက် ဒုတိယတိုင်းမှူးက ပြိုင်ပွဲကို သေနတ်ပစ်ဖောက်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ (၄၄)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) သေနတ်ပစ်ပြိုင်ပွဲကို တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်များမှ အမျိုးသား သေနတ်ပစ်အသင်း၂၅သင်း၊အမျိုးသမီး သေနတ်ပစ် အသင်း၂၄သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်နယ်နှင့် တိုင်း အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကျင်းပမည့် ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၃ရက်မှ ၂၉ရက်အထိလည်းကောင်း၊ အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ရက်အထိလည်းကောင်း ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၄၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၅၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၆၀)နှင့် အထက် နှစ်ယောက်တွဲပြိုင်ပွဲများနှင့် အသက်(၁၀၊၁၂၊၁၄)နှစ်နှင့်အောက် လူငယ် တင်းနစ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀၊ ၃၈၁၉၉၁ သို့ ဇန်နဝါရီ ၂၉ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

အိုင်စီတီပြပွဲတွင် ကွန်ပျူတာရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ဇန်နဝါရီ ၂၁ရက်တွင် စတင်ကျင်းပမည့် Myanmar ICT Week 2005 ပြပွဲတွင်Spring Commercial Company Limitedမှကွန်ပျူတာနှင့် အပိုပစ္စည်းများကို MICT ပြခန်းအမှတ် (A-15)တွင်ပြသမည့်အပြင် အထူးဈေးနှုန်းဖြင့်လည်း ရောင်းချပေးမည် ဖြစ်ကြောင်းနှင့် ကွန်ပျူတာဝယ်ယူသူများကို လက်ခမဲ့ ငါးနှစ်အာမခံနှင့်အတူ Microphone, Headset, UPS များကိုလည်း လက်ဆောင်အဖြစ်ပေးမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၁–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** –Earth's Major Biomes (ဒုတိယနှစ်–ပထဝီဝင်အထူးပြု)
- **၅:၃၅** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၆။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း**
- **၆:၅၀** ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အင်တာနက်ချစ်သက်လျှာ" (အပိုင်း–၃)**
- **၈:၀၀** ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြန်မာ့ရှုခင်း
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီး ဘုန်းမီးနေလ" (အပိုင်း–၁၃)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ပြည်မြို့ ဗိုလ်ချုပ်လမ်း နိဗ္ဗာန်ကုန်နှင့် ကရဝိက် သက်န်းပရိက္ခရာတိုက် ကျောင်းအမကြီး ဒေါ်လှမြင့်၏ (၇၅)နှစ်မြောက် ဝိဇာတမွေးနေ့တွင် ဇောတိကာရုံပါဠိတက္ကသိုလ်အလယ်တိုက် ကျောင်းတော်ကြီးကို ရေစက်ချလှူဒါန်းခြင်း၊ သိက္ခာထပ်ခြင်းနှင့် သိက္ခာတင်ခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပရာ ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တကုဏ္ဍလဇောတိက အနုမောဒနာတရားတော် ဟောကြားစဉ်။ (က-ပ)

မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

စစ်တွေ ဇန်နဝါရီ ၅

စစ်တွေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (ယခင်နော်မန်ကျောင်း)တွင် ၂၀၀၄ ခုနှစ်အထိ ပညာသင်ကြားခဲ့သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍အသက်(၆၀)ပြည့် ဆရာ၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဦးကျော်သာ၊ ဦးအောင်သိန်းလှ၊ ဦးရွှေစောအောင် (ရှေ့နေ) ဖုန်း ၀၄၃-၂၃၃၉၂၊ ၀၄၃-၂၁၃၆၀၊ ဦးမောင်သိန်းဖြူ (ဂေါယာမြေစောဝင်း) ဖုန်း ၀၄၃-၂၁၈၂၁၊ ဦးဘခင် ဖုန်း ၀၄၃-၂၃၉၀၉၊ ၀၄၃-၂၁၂၃၀၊ ဒေါ်ငွေကျော့ (သူနာပြုကျောင်းအုပ်) ဖုန်း ၀၄၃-၂၁၁၀၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၆၄)

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မန့်မြိုင်ကျေးရွာ အလင်းတန်းစာကြည့်တိုက်ဖွင့်ပွဲကို အခြေခံပညာ မူလတန်းကျောင်း၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်မောင်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးဆန်းဝင်း၊ မန့်မြိုင်ကျေးရွာ ဥက္ကဋ္ဌ ဦးမောက်ငင်းဆိုင်၊ ဟင်လုံကျေးရွာဥက္ကဋ္ဌ ဦးစောမောင်နှင့် ရန်ဝူးကျေးရွာ ဥက္ကဋ္ဌ ဦးခါးလီတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဗုဒ္ဓသိမ်တော် သိမ်သမုတ်ပွဲကျင်းပ

လှိုင်သာယာ ဇန်နဝါရီ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မဟာသီဟနာဒတိုက် သံဃောပကာရ ဗုဒ္ဓသိမ်တော် သမုတ်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီက လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄) သောင်ကြီး (၄)ရပ်ကွက်၊ ကင်းဝန်မင်းကြီးလမ်းရှိ မဟာသီဟနာဒ စာသင်တိုက်၌ ကျင်းပသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များဖြစ်သည့် မန္တလေးတိုင်း တပ်ကုန်းမြို့ရှာ ဦးစန္ဒာရုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရီ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ သူဌေးတန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီ ဘိဝံသနှင့် ရန်ကုန်မြို့ ဗဟန်း ဝိသုဒ္ဓါရုံ ရွှေကျင်တိုက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ယောဆရာတော်၊ မဟာသီဟနာဒ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏအမှူးပြုသော သံဃာတော် ၄၄ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြသည်။ (၄၉)

မြို့နယ် သတင်းများ

ဘိုးဘွားရိပ်သာ တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရေတာရှည် ဒီဇင်ဘာ ၂၁

ပဲခူးတိုင်း ရေတာရှည်မြို့တွင် တည်ဆောက်မည့် ငွေကျပ် ၂၅၀ သိန်းတန် ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် ပန္နက်ချမင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက် မိုးတည်းခိုခန်းပိုင်ရှင်၊ ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့် နေအိမ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် ဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊ အထကကျောင်းသား၊ ကျောင်းသူများနှင့် မြို့မိမြို့ဖများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကျင်းပရာ ရေတာရှည်မြို့ အမှတ်(၃)ရပ်ကွက် မင်္ဂလာရွှေဆိုင် (ဦးပေါ်တင်)-ဒေါ်တင်ကြည် သား ကိုတင်မျိုးသန့် မိသားစုက အလှူငွေကျပ် သုံးသိန်း၊ မော်လမြိုင်မြို့နယ် တရားသူကြီး ဦးကျော်ဝင်းစိန်-ဒေါ်စိန်းယဉ်တို့ကအလှူငွေကျပ်တစ်သိန်း၊ အမှတ်(၂)ရပ်ကွက်၊ချမ်းမြေ့သက်န်းဆိုင် ဒေါ်ဟန်တင်သားကိုဝင်းလှိုင်မိသားစုက အလှူငွေ ကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်းကလက်ခံရယူသည်။ (၁၄၁)

မော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာအုပ်စုရှိ အင်းတန်ကျေးရွာ ပါရမီအောင်မင်္ဂလာကျေးရွာ အလိမ္မာစာကြည့်တိုက်နှင့် အောက်ဝါးနက်ချောင်း (ရွာသစ်)ကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဒီဇင်ဘာ ၉ ရက်က ဖွင့်လှစ်ရာ ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်သန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

တရားဟောကြားမည်

ရွှေပြည်သာ ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာပတ်လမ်းတွင်တည်ရှိသည့်ပြည်လုံးချမ်းသာ စေတီတော်ဝင်းအတွင်းရှိ မတောင်းဆုရ လောကသာသနိက အဆောက်အအုံ ဓမ္မာရုံတွင် ဝါပဥပုသ်နေ့များနှင့် တနင်္ဂနွေနေ့များတွင် ငဖဲဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဒီဇင်ဘာ ၂၇ ရက်က လပွတ္တာမြို့နယ် ကျီးချောင်းကျေးရွာ သုတဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်မြင့်ရည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမန်းကြီးရွှေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

၂၀၀၄-၂၀၀၅ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ အထက(၅) ခန်းမတွင် ကျင်းပရာ စာစီစာကုံးဆု၊ မြို့နယ်အဆင့်ဘက်စုံထူးချွန်ပထမဆု၊ စာပေဘာသာရပ်(ဒုတိယဆု)နှင့် ဘာသာရပ် ထူးချွန်ဆုများရရှိသူ သတ္တမတန်းမှ မပန်းနုဝင်းအား ကျောင်းအုပ်ဆရာကြီး ဦးဆွေဝင်း ဆုချီးမြှင့်စဉ်။ (၄၉၇)

သန့်ရှင်းသောသောက်သုံးရေ ရရှိရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၉

စည်ပင်သာယာရေး အဖွဲ့များသည် ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၀)နှစ်စီမံကိန်းရေးဆွဲ၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် လွယ်ကင်ကျေးရွာသို့ ပေ၈၀၀ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဂါလန် ၁၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးရဲမွန်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့သည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

တွံတေးမြို့နယ် ပြန်/ဆက်ဦးစီးဌာန ကိုယ့်အားကိုယ်ကိုး ပညာရွှေအိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က ရပ်ကွက်ရုံးခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်မောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ ကြီးမှူး၍ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က မိုးတေကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးရှိန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းအောင်တို့ ပညာအလင်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၄၇)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၅ ခုနှစ်
(၂၁-၁-၂၀၀၅)ရက်မှ (၂၇-၁-၂၀၀၅)ရက်အထိ
MICT Park ၊ ရန်ကုန်မြို့

စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ (ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့

၀၉း၀၀-၁၇း၀၀	–	အကြို ICT ပြပွဲ၊ ပြခန်းများ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ ICT Competitions

ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့

၀၉း၀၀-၁၇း၀၀	–	အကြို ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

၀၈း၃၀	–	ဖွင့်ပွဲအခမ်းအနား
၁၀း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၁၀း၀၀-၁၂း၀၀	–	ICT Product Presentation
၁၀း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၇း၀၀	–	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀-၁၆း၀၀	–	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	–	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	–	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်)

MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်။

လှိုင်သာယာမြို့နယ်အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း ၂၀၀၄-၂၀၀၅ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၃ရက်က ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အဆင့် ပထဝီဝင်ဘာသာရပ်ထူးချွန်ဆုရ အဋ္ဌမတန်းကျောင်းသူ မမြင့်မြင့်ဆွေအား ကျောင်းအုပ်ဆရာကြီး ဦးဟန်သိန်း ဆုချီးမြှင့်စဉ်။ (၅၃၉)

နိုင်ငံတော်၏ ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေးဆောင်ရွက် လုပ်ငန်းဆောင်ရွက်မှုတိုင်း ထိရောက်ထက်မြက်ရန်လိုအပ်

ရန်ကုန် ဇန်နဝါရီ ၁၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၀၅ ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း အခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်/တိုင်း မန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

သုံးသပ်တင်ပြ

ရှေးဦးစွာ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်/တိုင်း မန်နေဂျာများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သုံးသပ်တင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအပေါ် သုံးသပ်ဆွေးနွေးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက တင်ပြချက်များအပေါ် သုံးသပ်မှာကြားသည်။

တွန်းအားပေး

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် တင်ပြဆွေးနွေးခဲ့ကြသော လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ ကွာခြားနေရသည့် အကြောင်းအကျိုးများကို အခြေခံပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်သွားကြရန် အထူးအရေးကြီးကြောင်း၊ နိုင်ငံတော်၏ ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဌာနအသီးသီး၏ လုပ်ငန်း ဆောင်ရွက်မှုတိုင်းသည် ဟာကွက်မရှိအောင် ထိရောက်ထက်မြက်ရန် အထူးလိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှု၊ ဝန်ဆောင်မှုပေးရာတွင် မြန်ဆန် ချောမွေ့စေမှု၊ စေတနာအရင်းခံပြီး ဆက်ဆံရေးပြေပြစ်မှု၊ နည်းပညာဆိုင်ရာတိုးတက်မှု အရည်အသွေးများဖြင့် ပြည်သူလူထုအတွက် နိုင်ငံတကာအဆင့်မီ အကောင်းဆုံးငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ဆောင်ရွက်ရမည်ဆိုသည်ကို ဝန်ထမ်းတိုင်း သိရှိနားလည်ခံယူထားကြရန် အထူးအရေးကြီးကြောင်း၊ ဌာနခွဲတာဝန်ခံ၊ ဒေသတာဝန်ခံများအနေဖြင့်လည်း ဌာနအလိုက်၊ ပြည်နယ်၊ တိုင်း အလိုက် မိမိလက်အောက် ဌာနဝန်ထမ်းများအား စွမ်းရည်ပြည့်ဝစေရေးနှင့် စနစ်တကျရှိစေရေး၊ အမြဲဂရုပြုကြပ်မတ်နေရန်နှင့် ဌာန၏ တာဝန်နှင့် ရည်မှန်းချက်များကို မှန်ကန်ပြည့်စုံစွာ နားလည်သဘောပေါက်ရေး၊ အပြည့်အဝ တာဝန်ထမ်းဆောင်ရေးအတွက် တွန်းအားပေးနေရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

နီဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ဖို့မြေဓမ္မာရုံ ဆွမ်းလောင်းအသင်းကြီး၏ (၈၇) ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ၌ ဇန်နဝါရီ ၂၈ ရက်တွင် အရှင်ကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)၊ ၂၉ရက်တွင် အရှင်ဣန္ဒာပါလ(ရမ္မာဝတီဆရာတော်)၊ ၃၀ ရက်တွင် အရှင်ဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)၊ ဖေဖော်ဝါရီ ၁ ရက်တွင် အရှင်ဂန္ဓမာလာလင်္ကာရ၊ ၂ရက်တွင် အရှင်ဝံသပါလာလင်္ကာရ၊ ၃ ရက်တွင် အရှင်သုန္ဒရနှင့် ၄ရက်တွင် အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြီး ဖေဖော်ဝါရီ ၆ ရက် နံနက်တွင် ပင့်သံဃာနှင့် သီလရှင် အပါး ၅၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည် ဖြစ်သည်။

(က-ပ)

မြို့ရေပေးရေးလုပ်ငန်းနှင့် လမ်းဖောက်လုပ်မှုလုပ်ငန်းများ အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ် ကျော်သူသည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ)ဦးကျော်မြင့်နှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှတို့ လိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက်တွင် တံတားဦးမြို့ မြို့ရေပေးရေး ဆောင်ရွက်လျက်ရှိသော ပုဏ္ဏားကုန်းရပ်ကွက်အနီး စက်ရေတွင်းအမှတ်(၂) တူးဖော်သည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တံတားဦးမြို့ ရေပေးရေး စီမံကိန်းအရ ရှစ်လက်မ စက်ရေတွင်းသုံးတွင်း တူးဖော်ပြီး ဂါလန် ၆၀၀၀၀ ဆံ့ ရေလှောင်ကန်တစ်ကန်၊ ဂါလန် ၁၂၀၀၀ဆံ့ ရေစင်နှစ်ခု၊ ရေပိုက်လိုင်း ပေ ၂၉၀၀၀ ကျော် ဆက်သွယ်ခြင်းနှင့် အများသုံး ရေဝေကန် ၁၀ကန် တည်ဆောက်၍ တစ်နေ့ရေဂါလန် နှစ်သိန်းဖြန့်ဝေသွားမည်ဖြစ်သည်။

ကြည့်ရှု

ထိုမှတစ်ဆင့် အထူးအရာရှိ ဗိုလ်မှူးချုပ် ကျော်သူသည် မန္တလေးတိုင်း အတွင်း ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းဖောက်လုပ်သည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုရာ လုပ်ငန်းဆောင်ရွက် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် အထူးအရာရှိနှင့် အဖွဲ့သည် တံတားဦးမြို့နယ် အလယ်ရွာအနီး အရှည် ၄၅ပေ၊အကျယ် ၁၄ပေရှိ သစ်သားတံတား ဆောက်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ နွားထိုးကြီးမြို့နယ် ရေပြည့်ရင် ကျေးရွာအနီး အရှည် ၁၂ ပေ ၊ အကျယ် ၁၄ပေရှိ သစ်သားတံတား ဆောက်လုပ်နေမှု အခြေအနေကို လည်းကောင်း၊ မလှိုင်မြို့နယ်အပိုင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သံကူကွန်ကရစ်

ဆက်လက်၍ မလှိုင်မြို့နယ်၌ သစ်သားတံတားနှင့် သံကူကွန်ကရစ် ရေပြွန်တံတား ဆောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း၊ မိတ္ထီလာမြို့နယ်အပိုင်း ခရိုင်ချင်းဆက်လမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ်အပိုင်း ခရိုင်ချင်းဆက်လမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း မကွေးတိုင်း နယ်စပ် အိုင်မနက်ချောင်းအထိ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၀၀၄ - ၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ခရိုင်ချင်းဆက်လမ်း မြေသားလမ်း ၂၆ မိုင် ခုနစ်ဖာလုံ၊ ကျောက်ချောလမ်း ၁၉မိုင် နှစ်ဖာလုံ ဖောက်လုပ်ခဲ့ပြီး မန္တလေးတိုင်းအတွင်း ကျေးလက်လမ်း စုစုပေါင်း မြေသားလမ်း၃၇မိုင် တစ်ဖာလုံနှင့် ကျောက်ချောလမ်း ၅၄မိုင် နှစ်ဖာလုံ ဖောက်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

တူးဖော်

အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူသည် ဇန်နဝါရီ ၁၄ ရက်တွင် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာမြို့သန့်ရှင်းသော သောက်သုံးရေပေးဝေရေး၊ မဟာစည်ကွက်သစ် မြေအောက်ရေတူးဖော်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

မိတ္ထီလာမြို့ သန့်ရှင်းသော သောက်သုံးရေ ပေးဝေရေး စီမံချက်ပြီးစီးပါက တစ်နေ့လျှင် ရေဂါလန် ၂၄ သိန်းခန့် သန့်ရှင်းသော မြေအောက် သောက်သုံးရေ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

ဇန်နဝါရီလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

ရန်ကုန် ဇန်နဝါရီ ၁၉

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် သာယာမည်။

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နှစ်ရက်ခန့်နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

ညအပူချိန်များမှာ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဖြစ်မြဲအောက်လျော့နည်းနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

ဒီဇင်ဘာ ၃၀ ရက်က နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို တွံတေးမြို့နယ် သပြေကုန်းကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင် ပေးအပ်စဉ်။ (လဝက)

ဖျာပုံခရိုင် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပ

ဖျာပုံ ဇန်နဝါရီ ၁၇

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဖျာပုံခရိုင် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ အတွင်းရေးမှူး ဗိုလ်မှူးမောင်ဌေးနှင့် အဖွဲ့ဝင်များ၊ လေးမြို့နယ်မှ မြို့နယ်ဥက္ကဋ္ဌများ၊ ခရိုင်ပညာရေးမှူး ဦးသိန်းစံအောင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ထက်၊ လယ်မှ ကျောင်းအုပ်ကြီးများ၊ ဆရာ/ဆရာမများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ၊ ပညာဒါန အလှူရှင်များ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ယင်းနောက် ခရိုင်ဥက္ကဋ္ဌက တစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲရမှတ်အများဆုံး တတိယဆု ရရှိသူ၊ လေးဘာသာဂုဏ်ထူးရှင်၊ တစ်နိုင်ငံလုံး မြန်မာစာ ပထမဆုနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ တိုင်းအဆင့် တတိယဆုရရှိသူ၊ သိပ္ပံဘာသာတွဲ အဆင့်(၁)မှ (၁၀)ထိ ခရိုင်အဆင့်ရရှိသူများနှင့်ဝိဇ္ဇာဘာသာတွဲ ခရိုင်အဆင့် (၁)မှ(၁၀)အထိ ရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

ဂုဏ်ပြု

ဆက်လက်ပြီး ခရိုင်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ပညာဒါန အလှူရှင်များအား ဂုဏ်ပြုချီးမြှင့်သည်။ **(မြို့နယ်ပြန်/ဆက်)**

ကျိုက်ထီးရိုးတောင်တန်း ဘုန်းတော်ကြီးကျောင်းများသို့ ပိဋကတ်သုံးပုံကျမ်းစာအုပ်များ လှူဒါန်း

ကျိုက်ထို ဇန်နဝါရီ ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျိုက်ထီးရိုးတောင်တန်းတစ်လျှောက် ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များအတွက် ပိဋကတ်သုံးပုံမိသားစုက ဒုတိယအကြိမ် ပိဋကတ်သုံးပုံ(မြန်မာပြန်) ကျမ်းစာအုပ် ၂၁စုံကို ဘုန်းတော်ကြီးကျောင်း ၂၁ ကျောင်းသို့ လှူဒါန်းပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျိုက်ထီးရိုးရင်ပြင်တော် ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးရေဝတ အမှူးပြု၍ ကျင်းပသည်။ **(အပေါ်ပုံ)**

ယင်းပိဋကတ်သုံးပုံ (မြန်မာပြန်) ကျမ်းစာအုပ်များကို ဦးဇော်မင်း-ဒေါ်ထွေးထွေးမြင့် အမှတ်(၁၂) စံရိပ်ငြိမ် (၆)လမ်း ကမာရွတ် ရန်ကုန်မြို့နှင့် ဦးသောင်းမြင့် (ကြီးကြပ်ရေးမှူး) ရွှေတိဂုံစေတီတော် ဂေါပကရုံးတို့က ဦးဆောင်၍ အလှူရှင်များက စုပေါင်းလှူဒါန်းကြသည်။ **(၃၅၄)**

မကွေးတိုင်း နတ်မောက်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်

နတ်မောက် ဇန်နဝါရီ ၁၅

မကွေးတိုင်း နတ်မောက်မြို့နယ်သားများကျေးရွာအုပ်စု၊ သောင်ကျပ်ပင်အုပ်စု၊ လင်းကတိုးအုပ်စု၊ ကျောက်ပုံအုပ်စု၊ ဖန်ခါးစမ်းအုပ်စု၊ ဆုံမကျီးပင်အုပ်စု၊ တဲကြီးအုပ်စု၊ ထောက်ဘက်ကြီးအုပ်စု၊ အိုင်ပေါက်ကုန်းအုပ်စု၊ မကျီးချီအုပ်စု၊ မိုးနံတောအုပ်စု၊ အင်းကန်အုပ်စုအတွင်းရှိ ကျေးရွာများ၏ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများကို ဇန်နဝါရီ ၆ ရက်မှ ၁၂ရက်အတွင်း အဆိုပါ စာကြည့်တိုက်များ၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်ဆွေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

မိုးညိုမြို့နယ် ရွာသာယာအုပ်စု ရွာသာယာကျေးရွာ ကိုယ့်အားကိုယ် ကိုး အေးသာ ယာ စာကြည့် တိုက် ကို ရပ်ကွက် ဥက္ကဋ္ဌ ဦးအေးသိန်းနှင့် ပြန်/ဆက်ဦးစီးဌာန ခတ်ပုံ ကျွမ်းကျင် (၂) ဦး ခင်လတ်တို့ ဒီဇင်ဘာ ၁၂ရက်က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေး ကြစဉ်။ (၅၀၈)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်

ရွှေဘို ဇန်နဝါရီ ၇

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အပတ်စဉ်စနေနေ့တိုင်း ဝန်ထမ်းများဖြင့် လုပ်အားပေး ဆောင်ရွက်လျက်ရှိသည်။

ကြီးကြပ်ဆောင်ရွက်

ဒီဇင်ဘာ ၁၁ ရက်က ဆင်ဖြူရှင်လမ်းတစ်လျှောက် မြက်ပင်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

မြို့တွင်းလမ်းများ ကောင်းမွန်ရေး ဆောင်ရွက်

ကျောက်တံခါး ဇန်နဝါရီ ၁၉

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် မြို့သန့်ရှင်းသာယာလှပရေးနှင့် မြို့တွင်းလမ်းများ ကောင်းမွန်စေရေး စီမံချက်အရ ဦးစံကျော်လမ်းနှင့် အောင်သုခလမ်းတစ်လျှောက် လမ်းပေါက်များကို ကတ္တရာဖာထေးခြင်းလုပ်ငန်း စတုရန်းပေ ၂၇၄၀ကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၆၂၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။

အလားတူ ပဲနွယ်ကုန်းမြို့၊ မြို့မလမ်း စတုရန်းပေ ၃၈၉၀ ကို စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၈၈၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်စည်ပင်)**

မြို့နယ်သတင်းများ

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်

သံဖြူဇရပ် ဇန်နဝါရီ ၁၀

သံဖြူဇရပ် စက်သစ်ရပ်ကွက် ပညာပါရမီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ကို ရပ်ကွက်စာကြည့်တိုက်ကော်မတီသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က စက်သစ်ရပ်ကွက်ရုံးတွင် ကျင်းပသည်။

—— လှူဒါန်း ——

အခမ်းအနားတွင် ငွေကျပ်လေးသိန်းငါးသောင်းခန့် ကုန်ကျသည့် ပညာပါရမီ စာကြည့်တိုက် အဆောက်အအုံသစ်ကို ရပ်ကွက် စာကြည့်တိုက်ကော်မတီသို့ လွှဲပြောင်းပေးအပ်ပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသောင်းလွင်က စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသီက လက်ခံရယူသည်။ ထို့နောက် အလှူရှင်များက စာအုပ်၊ စာစောင်မျိုးစုံ ၄၀၀ ခန့် လှူဒါန်းကြသည်။ **(မြို့နယ်ပြန်/ဆက်)**

အေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်း ဇန်နဝါရီ ၁၀ ရက်က မြို့နယ်မြေစာရင်းဦးစီးမှူး ဦးတင်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးထွန်းအောင်ကျော်တို့နှင့်အတူ မိချောင်းအိုင်ကျေးရွာအုပ်စုတွင် နွေစပါး ၁၄၇၁ ဧကနှင့် ခနုံးချောင်းကျေးရွာအုပ်စု နွေစပါး ၈၆၉ ဧက ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးမှုများကို ကွင်းဆင်း စစ်ဆေးကြည့်ရှုစဉ်။

(မြို့နယ်ပြန်/ဆက်)



စက်ရေတွင်းတူးဖော်

ဘုတလင်မြို့နယ် ကံဘဲ့ကျေးရွာတွင် စည်ပင်သာယာရေး ဦးစီးဌာနမှ စက်ရေတွင်းတူးစက်ကြီးဖြင့် ဒီဇင်ဘာ ၃၁ရက်က ရေရရှိရေး ဆောင်ရွက်ပေးစဉ်။ (၄၃၉)

ထူးခြားသည့် ညအပူချိန်များ

၁၉–၁–၂၀၀၅

ဟားခါး – ၁ဒီဂရီစင်တီဂရိတ်
မိုးကုတ် – ၄ဒီဂရီစင်တီဂရိတ်
နမ့်ဆန် – ၆ဒီဂရီစင်တီဂရိတ်

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မဒေးရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး ရေရရှိရေးသာမက ကျေးရွာသုံး ရေအားလျှပ်စစ်ရရှိရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ကံမမြို့နယ် ကြို့ပင်ကျေးရွာအနီး မဒေးချောင်းပေါ်၌ တည်ဆောက်လျက်ရှိသော မဒေးရေလှောင်တမံစီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းက ပင်မတမံလုပ်ငန်း၊ ရေထုတ်မြွှန်လုပ်ငန်း တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ်ရှိ ခဝါရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရန် ဆည်ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

မှာကြား

ထို့နောက် ဝန်ကြီးက ဒေသတွင်းရှိ တောင်သူလယ်သမားများ အမြန်အကျိုးကျေးဇူး ရရှိခံစားနိုင်ရန်၊ တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ကြရန် လိုကြောင်း၊ ရေရရှိရေးသာမက ကျေးရွာသုံး ရေအားလျှပ်စစ်မီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ ဆုပေးပွဲအခမ်းအနားတွင် ဆုရရှိသော စာတမ်းရှင်တစ်ဦးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

သုတေသနများကို အသုံးချအဆင့်ထိ ရောက်အောင်ကြိုးစား ရောဂါကြီးခြောက်မျိုးအတွက် သုတေသနများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၉

ကျန်းမာရေးဝန်ကြီးဌာန ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ရှိ ဗဟိုဇီဝဆေးပညာ စာကြည့်တိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး အကောင်းဆုံး သုတေသနစာတမ်းဆုနှင့် ပိုစတာဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပရေးကော်မတီဝင်များ၊ သုတေသနစာတမ်းရှင်များနှင့် ဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၄ရက်ကစတင်၍ ငါးရက်ကြာ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးသည် ယနေ့မွန်းလွဲပိုင်းတွင် စည်စည်ကားကား အောင်အောင်မြင်မြင်ဖြင့် ပြီးမြောက်သွားပြီဖြစ်ကြောင်း၊ ဤတစ်ကြိမ် သုတေသနညီလာခံတွင် စာတမ်းပေါင်း အစောင် ၇၀ ဖတ်ကြားတင်သွင်းခဲ့ပြီး ပိုစတာ ၁၃ခု ပြသခဲ့ကြောင်း သိရကြောင်း၊ ထို့အပြင် Symposium ဟုခေါ်သည့် ဆွေးနွေးပွဲခုနစ်ခုကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့ကြောင်း သိရကြောင်း။

နိုင်ငံတော်အကြီးအကဲက သုတေသနများ ဆောင်ရွက်သင့်သည့် ဦးစားပေးရောဂါကြီး ခြောက်မျိုးအဖြစ် လမ်းညွှန်မှုပြုထားသော ရောဂါများနှင့် နီးနွယ်ဆက်စပ်သည့် သုတေသနစာတမ်းများ ပါရှိခဲ့သည်ကို သတိပြုမိပါကြောင်း၊ အထူးသဖြင့် ငှက်ဖျားရောဂါနှင့်ပတ်သက်သည့် စာတမ်း ၁၀စောင် ဖတ်ကြားတင်သွင်းခဲ့သည်ကို တွေ့ရပါကြောင်း၊ ဤတစ်ကြိမ် စာတမ်းဖတ်ပွဲတွင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင် အဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့်စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူ့တို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၄ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားအိုက်ပီ၊

စာမျက်နှာ ၈ ကော်လံ ၃ သို့ ✡